၅။ မန္တလေးမြို့တော်သည် ရှေးမြန်မာမင်းများ ထီးနန်းစိုက်ရာ ရတနာပုံမြို့တော်ဟု ခေါ်တွင်ပြီး မြန်မာသက္ကရာဇ် (၁၂၂၁) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ မန္တလေးမြို့တော်သည် မြန်မာဘုရင်များ နောက်ဆုံးမင်းဆက်နန်းစိုက်ရာဖြစ်သည့် အားလျော်စွာ သမိုင်းနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ အများဆုံးကျန်ရှိသည့်မြို့ ဖြစ်ပါသည်။ မန္တလေးမြို့၏အနီး ပတ်ဝန်းကျင်ဒေသတွင် ရှေးမြန်မာမင်းဆက် (၃) ဆက်၏ နန်းမြို့ (၃) ခုတည်ရှိခဲ့သဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ စေတီပုထိုးများ၊ နန်းမြို့ဟောင်းများ တည်ရှိသဖြင့် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားသည့်နေရာအများအပြားရှိပြီး စီးပွားရေးတွင်လည်း မြန်မာနိုင်ငံအရပ်ရပ်မှ ကုန်ပစ္စည်းများ၊ တရုတ်၊ အိန္ဒိယ၊ ယိုးဒယား၊ ဘင်္ဂလားဒေ့ရှ်၊ လာအို စသည့် အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းသည့် ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားလျှက်ရှိသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အချက်အခြာကျသော နိုင်ငံ၏ ဒုတိယမြို့တော် ဖြစ်ပါသည်။

၆။ မန္တလေးမြို့တော်၏ အထင်ကရနေရာများအဖြစ် နန်းမြို့၊ ကျုံး၊ မန္တလေးတောင်တော်၊ ရွှေကျောင်းကြီး၊ ဘားဂရာကျောင်း၊ စန္ဒာမုနိဘုရား၊ မဟာအောင်မြေဘုံစံ ဘုန်းတော်ကြီးကျောင်း၊ ကျောက်တော်ကြီးဘုရား၊ ရန်ကင်းတောင်တော်နှင့် ရေတံခွန်တောင်တော်၊ ဦးပိန်တံတား၊ မဟာမြတ်မုနိ၊ ကုသိုလ်တော်၊ မင်းကွန်းခေါင်းလောင်းကြီး၊ ပုထိုးတော်ကြီး စသည့် တန်ခိုးကြီးဘုရားအဆူတို့ တည်ရှိပါသည်။

Mandalay Map, 18th C



HISTORICAL BACKGROUND




Mandalay Map, 1914

HISTORICAL BACKGROUND


Mandalay Map, 18th C



Mandalay Map, 1914




Mandalay Map, 2015



HISTORICAL BACKGROUND

Urban Pattern


Mya Nan San Kyaw Palace





Mandalay Palace






မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျှက်ရှိသော မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ

၇။ မန္တလေးမြို့တော်မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ၁၉၉၀ ခုနှစ်မှစ၍ စတင်တည်ဆောက်ခဲ့ပြီး မန္တလေးမြို့တော်၏တောင်ဘက်တွင် စက်မှုဇုံ (၁)နှင့် ၁၉၉၂ ခုနှစ်တွင် စက်မှုဇုံ (၂)ကိုလည်းကောင်း၊ ၁၉၉၉-၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော်၏ တောင်ဘက် (၂၄) မိုင်အကွာ၌ တံတားဦး အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း၊ ၁၉၉၀ ခုနှစ်မှစ၍ အဆင့်မြင့်ဈေးကြီးများအဖြစ် မန္တလေးဈေးချိုတော်၊ ရတနာပုံဈေးသစ်ကြီး၊ ဒိုင်းမွန်းပလာဇာ၊ အိုးရှင်းစူပါမားကတ်များကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ်မှစ၍ မော်တော်ယာဉ်ရပ်နားစခန်းများ အဖြစ် ချမ်းမြရွှေပြည်၊ ပြည်ကြီးမျက်ရှင်၊ သီရိမန္တလာ၊ ချမ်းအေးသာစံ၊ ဒေါနဘွားစခန်းများနှင့် ပြည်ကြီးမင်္ဂလာ အဝေးပြေးကုန်တင်ယာဉ်စခန်းကြီးများ တည်ဆောက်ခဲ့ပြီးဖြစ်ပါသည်။

၈။ ၎င်းအပြင် ၂၀၁၄-၁၅ ခုနှစ်မှစ၍ မန္တလေးမြို့၊ ချမ်းမြသာစည်တွင် မင်္ဂလာမန္တလေး (၁) နှင့် (၂) စီးပွားရေးဇုံနှင့် လူနေအိမ်ရာစီမံကိန်းများ၊ အမရပူရမြို့နယ်၊ ကျောက်စိမ်းစေတီတော်နှင့် ကျောက်မျက်ရတနာဈေးကြီးများ၊ တံတားဦးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး လက္ကားဈေးကြီး၊ တံတားဦးမြို့ ဟော်တယ်ဇုံ၊ မန္တလေး-မြို့သာ စက်မှုဇုံနှင့် ဆီမီးခုံဆိပ်ခံတံတားလုပ်ငန်း စသည်တို့ တည်ဆောက်လျှက်ရှိပါသည်။

LOCATION MAP OF NEW DEVELOPMENTS IN MANDALAY REGION



<u>ဖွံ့ဖြိုးသစ် ကုမ္ပဏီလီမိတက်၏ ရည်ရွယ်ချက်များ</u>

၉။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဖွံ့ဖြိုးသစ် ကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နိုင်ငံတကာ အဆင့်မီဂေါက်ကွင်း၊ Club House၊ အပန်းဖြေအားကစားဥယျာဉ်၊ စီးပွားရေးနှင့်လူနေအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် နှစ်ဦးနှစ်ဖက်ချုပ်ဆိုထားသော သဘောတူညီချက်နှင့်အညီ အောက်ဖော်ပြပါ ကုမ္ပဏီ၏ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော် တည်ဆောက်ပါမည် -


(က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်အရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏အနှစ်(၃၀)ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့်အညီ ရေတံခွန်တောင်ဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရန်၊

(ခ) ရေတံခွန်တောင်ဂေါက်ကွင်းအနီးပတ်ဝန်းကျင်ဒေသရှိ ပြည်သူလူထုများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုး တိုးတက်ရေး၊

(ဂ) ရေတံခွန်တောင်ဂေါက်ကွင်းနှင့် ဆက်စပ်လျှက်ရှိသောဒေသများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြေရေးကို စီမံကိန်းချမှတ် စနစ်တကျဆောင်ရွက်ရန်၊


(ဃ) ရေတံခွန်တောင်ဂေါက်ကွင်း အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်မှုအစဉ်အလာကို ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ရန်၊

(င) ရေတံခွန်တောင်တွင် နိုင်ငံတကာ အဆင့်မီဂေါက်ကွင်း၊ Club House၊ အပန်းဖြေအားကစားဥယျာဉ်၊စီးပွားရေးနှင့်လူနေအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန်၊




1.2 SITE PHOTOS

PANORAMIC VIEW OF THE SITE



1.2 SITE PHOTOS



ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် (Phwint Phyo Thit Co., Ltd)

၁၀။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် ရန်ကုန်မြို့ ဒဂုံစင်တာအမှတ် ခ/၄၀၁ တွင် ရုံးခန်း ဖွင့်လှစ်ထားပါသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၁၀၅၆/၂၀၀၆-၀၇ ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းခဲ့ပြီး၂၁.၁၁.၂၀၂၀ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ထားပါသည်။ ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၃.၉.၂၀၁၄ ရက်စွဲပါ စာအမှတ် ၁၀၇/လိုင်စင်/ ၂၀၁၄ ဖြင့် အဆောက်အအုံလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိထားသူဖြစ်ပါသည်။ အလားတူ ဒါရိုက်တာအဖွဲ့ဝင် ဦးရဲမြင့်မှာလည်း မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၁.၄.၂၀၁၄ ရက်စွဲပါ စာအမှတ် ဝ၈၄/လိုင်စင်/၂၀၁၄ဖြင့် လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားပါသည်။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတကာအဆင့်မှီ ရေတံခွန်တောင်ဂေါက်ကွင်း၊ စီးပွားရေးနှင့် လူနေအဆောက်အအုံ စီမံကိန်းတွင် Developer အဖြစ် လုပ်ငန်းနယ်ပယ်ချဲ့ထွင်လုပ်ကိုင်ရန် အစုရှယ်ယာတန်ဖိုးများ မြှင့်တင်ခြင်း၊ ရင်းနှီးငွေပမာဏ တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ အစုရှယ်ယာတစ်ခုစီတွင် ကျပ်တစ်သိန်းဖြင့် အစုရှယ်ယာတန်ဖိုး ကျပ်သန်း (၅၀၀၀) အထိ တိုးမြှင့်ပြီး ရှယ်ယာ (၄၀၀၀၀) ကို အောက်ပါအတိုင်း ရင်းနှီးမြှုပ်နှံထားပါသည် -

စဉ်	နာမည်	နိုင်ငံသား	ရာထူး	ရှယ်ယာ ပမာဏ	လိပ်စာ
၁	ဦးမောင်မောင်	မြန်မာ	အုပ်ချုပ်မှုဒါရိုက်တာ	၁၀၀၀၀	အမှတ် ခ/၄၀၁၊ ဒဂုံစင်တာ၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
၂	ဦးစောကြည်	မြန်မာ	ဒါရိုက်တာ	၅၀၀	အမှတ် ခ/၄၀၁၊ ဒဂုံစင်တာ၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
၃	ဦးစိန်မြင့်	မြန်မာ	ဒါရိုက်တာ	၉၃၀၀	အမှတ် ခ/၄၀၁၊ ဒဂုံစင်တာ၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
၄	ဦးလီကျိန်းချိန်	မြန်မာ	ဒါရိုက်တာ	၂၀၀	အမှတ် ၁၃၀၊ ရပ်ကွက်ကြီး (၁၂)၊ လားရှိုးမြို့။
၅	ဦးမောင်မောင်သိန်း	မြန်မာ	ဒါရိုက်တာ	၁၀၀၀၀	အမှတ် ၁၉၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၆	ဦးရဲမြင့်	မြန်မာ	ဒါရိုက်တာ	၁၀၀၀၀	၇၈လမ်း၊ သိပ္ပံလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

(ခ) ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်သည် အဓိကအားဖြင့် ရော်ဘာစိုက်ပျိုး ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါသည်။ ရော်ဘာစိုက်ပျိုးခြင်းကို ကရင်ပြည်နယ်၊ဘားအံမြို့နယ်၊ နောင်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (အိုအက်စ်အက်စ်-၇) ဝဲကရင် ကြေးတိုင်ပြင်ကွင်းရှိ မြေလွတ်မြေရိုင်းဧက (၇၅၀)တွင် နှစ်ရှည်ရော်ဘာပင်များ စိုက်ပျိုးလုပ်ကိုင်နိုင်ရန် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့သို့ ကရင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁-၁၁-၂၀၀၇ ရက်နေ့ အစည်းအဝေးအမှတ်စဉ်(၈/၂၀၀၇)ဆုံးဖြတ်ချက်အပိုဒ်(၇) အရ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်ဖြင့် တင်ပြခဲ့ရာ ၂၀၃၅ ခုနှစ် အထိ လုပ်ကိုင်ခွင့် ရရှိထားပါသည်။ ကုမ္ပဏီ၏ ရော်ဘာစက်ရုံကို မွန်ပြည်နယ် မုဒုံမြို့နယ်၊ ကွမ်တာကျေးရွာတွင် တည်ဆောက်ဖွင့်လှစ်ထား ပါသည်။ ၎င်းအပြင် ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်သည် အဓိကအားဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ခြင်း၊ ဓာတ်မြေသြဇာများ နှင့် ယန္တရားများတင်သွင်းခြင်း လုပ်ငန်းကို ၂၀၀၆-၀၇ ခုနှစ်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး နှစ်စဉ်ဝင်ငွေခွန် ကုန်သွယ်လုပ်ငန်းခွန်များကို နိုင်ငံတော်သို့ ပေးအပ်လျှက်ရှိပါသည်။ ဖွံ့ဖြိုးသစ် ကုမ္ပဏီသည် ပြည်ပသို့ ရော်ဘာတင်ပို့ခြင်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး နှစ်မှစ၍ တွင်ကျယ်စွာ လုပ်ကိုင်ခဲ့ပြီး ဘဏ္ဍာနှစ်အလိုက် အောက်ပါအတိုင်း တင်ပို့ခဲ့ရာ နိုင်ငံခြားဝင်ငွေများရရှိသဖြင့် နှစ်အလိုက်ဝင်ငွေခွန်များ ပေးဆောင်ခဲ့ ပါသည် -

ဘဏ္ဍာရေးနှစ်	အကြောင်းအရာ	တန်ဖိုး	အခွန်
၂၀၀၈-၂၀၀၉	ရာဘာ (တင်ပို့)	၆၃၅,၉၇၅ ($)	၅၀,၅၇၈ ($) ၁၂,၇၁၉ ($)
၂၀၁၀-၂၀၁၁	ခာတ်မြေသြဇာ (တင်သွင်း) ရာဘာ (တင်ပို့)	၃၄,၃၆၂,၉၀၀ (ကျပ်) ၁,၀၈၆,၂၉၀ ($)	၈၆,၄၂၃ ($) ၂၁,၆၀၅ ($) ၁,၁၇၁,၆၂၀ (ကျပ်) ၉၁၄,၀၀၀ (ကျပ်) ၆,၆၈၆,၄၈၁ (ကျပ်)
၂၀၁၁-၂၀၁၂	ရာဘာ (တင်ပို့) ခာတ်မြေသြဇာ (တင်သွင်း)	၁,၅၈၇,၃၆၅ ($) ၄၇,၅၄၀,၄၇၅ (ကျပ်)	၃၁,၇၄၇ ($) ၉,၂၀၀ ($) ၁,၃၅၈,၇၄၈ (ကျပ်)
၂၀၁၂-၂၀၁၃	ရာဘာ (တင်ပို့) ခာတ်မြေသြဇာ (တင်သွင်း)	၅၇၉,၁၀၀ ($) ၁၃,၅၀၀ ($)	၁၀,၁၇၇,၁၁၃ (ကျပ်)
၂၀၁၃-၂၀၁၄	ရာဘာ (တင်ပို့) ထရပ်ကား (တင်သွင်း)	၁,၃၀၇,၅၀၀ ($) ၁,၆၉၈,၅၂၇ ($)	၈၀,၆၇၁,၃၄၂ (ကျပ်) ၂၀,၁၉၈,၃၀၄ (ကျပ်)
၂၀၁၄-၂၀၁၅	ခာတ်မြေသြဇာ (တင်သွင်း)	၅၅,၇၀၁,၈၉၄ (ကျပ်)	-
၂၀၁၅-၂၀၁၆	ရာဘာ (တင်ပို့)	၁၃၆,၅၀၀ ($)	-
စုစုပေါင်း		၇,၀၄၄,၇၅၇ ($) ၁၃၇,၆၀၅,၂၆၉ (ကျပ်)	၂၁၂,၂၇၂ ($) ၁၂၀,၁၇၇,၆၀၈ (ကျပ်)

<u>Consortium အဖြစ် ပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီများ</u>

၁၁။ ဖွံ့ဖြိုးသစ် ကုမ္ပဏီသည် နိုင်ငံတကာအဆင့်မှီ ရေတံခွန်တောင်ဂေါက်ကွင်း စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ရာတွင် မိသားစုကုမ္ပဏီများဖြစ်သော အောက်ဖော်ပြပါ Consortium ကုမ္ပဏီများအဖြစ် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည် -

(က) **အလင်းပြည့်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Fully Light Trading Co.,Ltd)**

(၁) အလင်းပြည့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမွန်လွယ်ရပ်ကွက်၊ အမှတ်(၇)တွင် ရုံးခန်း ဖွင့်လှစ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၆၉၅/၂၀၀၀ ဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး ၃၁-၃-၂၀၂၀ ရက်နေ့အထိ (၅)နှစ်သက်တမ်း ခွင့်ပြုချက် ရရှိထားပါသည်။

(၂) အလင်းပြည့်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တွင် ဒါရိုက်တာ (၅)ဦးဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) ဦးမောင်မောင် (အုပ်ချုပ်မှုဒါရိုက်တာ)
၁၃/လရန(နိုင်)၀၉၀၆၁၀
အမှတ် (၇)၊ ကောင်းမွန်လွယ်ရပ်ကွက်၊ မူဆယ်မြို့

(ခခ) ဦးစိန်မြင့် (ဒါရိုက်တာ)
၁၃/လရန(နိုင်)၀၉၀၆၀၉
အမှတ် (၁၈၈)၊ ၂၈ လမ်း၊ ၈၇×၈၈ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

(ဂဂ) ဦးလီကျိန်းချန် (ဒါရိုက်တာ)
၁၃/လရန(နိုင်)၁၀၁၃၉၂
အမှတ် (၇)၊ ကောင်းမွန်လွယ်ရပ်ကွက်၊ မူဆယ်မြို့

(ဃဃ)ဦးလီကျိန်းရှင်း (ဒါရိုက်တာ)
၁၃/လရန(နိုင်) ၀၉၀၆၀၈
အမှတ် (၇)၊ ကောင်းမွန်လွယ်ရပ်ကွက်၊ မူဆယ်မြို့

(ငင) ဦးမောင်မောင်သိန်း (ဒါရိုက်တာ)
၁၃/လရန(နိုင်)၁၆၆၃၂၇
အမှတ် (၁၉)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

(ခ) **အလင်းပြည့် ခရီးသွားလာရေးကုမ္ပဏီလီမိတက် (FULLY LIGHT TRAVELS & TOURS Co.,Ltd)**

(၁) အလင်းပြည့်ခရီးသွားလာရေးကုမ္ပဏီလီမိတက်သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်၊၈၃၇/၂၀၁၄-၂၀၁၅ ဖြင့် ၁၂-၉-၂၀၂၀ ရက်နေ့အထိ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

(၂) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက)ဦးမောင်မောင် (အုပ်ချုပ်မှုဒါရိုက်တာ)
၁၃/လရန(နိုင်)၀၉၀၆၁၀
အမှတ် (၇)၊ ကောင်းမွန်လွယ်ရပ်ကွက်၊ မူဆယ်မြို့

(ခခ) ဦးစိန်မြင့် (ဒါရိုက်တာ)
၁၃/လရန(နိုင်)၀၉၀၆၀၉

အမှတ် (၁၈၈)၊ ၂၈ လမ်း၊ ၈၇×၈၈ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

(ဂဂ) ဦးစောကြည် (ဒါရိုက်တာ)
၁၃/နခန(နိုင်)၀၅၈၅၉၀
အမှတ်(၄၃)၊ စာရေးတန်းရပ်လမ်း၊ အမှတ်(၂)ရပ်ကွက်၊
နမ့်ခမ်းမြို့

(ဂ) **ဧရာဝတီပါတနာထရေးဒင်းကုမ္ပဏီလီမိတက် (Ayeyarwaddy Partner Trading Co.,Ltd)**

(၁) ဧရာဝတီပါတနာထရေးဒင်းကုမ္ပဏီလီမိတက်သည် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေး၊ အမှတ်(၅၉)တွင် ရုံးခန်းဖွင့်လှစ်ထားပါသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ၁၂၂၂/ ၂၀၁၂-၂၀၁၃ ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်း ခဲ့ပြီး ၂၈-၆-၂၀၁၂ ရက်နေ့မှ ၂၇-၆-၂၀၂၀ ရက်နေ့အထိ သက်တမ်း (၃)နှစ်ဖြင့် မှတ်ပုံတင်ကာ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

(၂) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ

(ကက) ဦးရှောက်ပေါင်း (အုပ်ချုပ်မှုဒါရိုက်တာ)
၉/ပရလ(နိုင်)၀၂၃၃၃၅
အမှတ်(၅၉)၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိ မြို့နယ်၊
နေပြည်တော်

(ခခ) ဒေါ်ဝေဝေမြင့် (ဒါရိုက်တာ)
၁၃/ကခန(နိုင်)၀၆၁၉၆၃
အမှတ်(၅၉)၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိ မြို့နယ်၊
နေပြည်တော်

(ဂဂ) ဦးရဲမြင့် (ဒါရိုက်တာ)
၁၃/လရန(နိုင်)၀၀၄၂၁၁
၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်
မန္တလေးမြို့

(ဃ) **အဖွဲ့ဝင်ခြောက်ယောက်အဖွဲ့ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Six Members Group Construction Co.Ltd)**

(၁) ယင်းကုမ္ပဏီသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည် မြို့နယ်၊ ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းတွင် ရုံးခန်းဖွင့်လှစ်ထား ပါသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ၃၈၆၁/ ၂၀၁၂-၂၀၁၃ ဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းခဲ့ပြီး ၁၇-၂-၂၀၁၂ ရက်နေ့မှ ၁၅-၁၁-၂၀၁၉ ရက်နေ့အထိ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(၂) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ

(ကက)ဦးမောင်မောင် (အုပ်ချုပ်မှုဒါရိုက်တာ)
၁၃/လရန(နိုင်)၀၉၀၆၁၀
အမှတ်(ကလ/၇)၊ပြည်ထောင်စုလမ်းမကြီး၊ကောင်းမှုလွယ်ရွာ၊
ကောင်းမှုတုန်းရပ်ကွက်၊ မူဆယ်မြို့
ရှမ်းပြည်နယ် (မြောက်ပိုင်း)

(ခခ) ဦးရဲမြင့် (ဒါရိုက်တာ)
၁၃/လရန(နိုင်)၀၀၄၂၁၁
တိုက်(၆)၊ အခန်း(၅)၊ ပွဲရုံတန်း၊ ချမ်းမြသာယာရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့

(ဂဂ) ဦးစိုင်းစိုးတင်ဝင်း (ဒါရိုက်တာ)
၁၃/လရန(နိုင်)၀၀၃၃၆၇
(၆) လွှာ၊ အခန်း (၅/စ)၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

(ဃဃ)ဦးရန်ရှီယို (ဒါရိုက်တာ)
၁၃/လရန(နိုင်)၀၇၁၉၇၄
အမှတ်(၁၀၅)၊ ၈၁ လမ်း၊ ၁၅ နှင့် ၁၆ လမ်းကြား၊
အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့

(ငင) ဦးမောင်မောင်သိန်း (ဒါရိုက်တာ)
၁၃/လရန (နိုင်) ၁၆၆၃၂၇
အမှတ် (ခ-၈၀၁)၊ ဒဂုံစင်တာ၊ ဘားဂရာလမ်း၊
စမ်းချောင်းမြို့နယ်၊ မန္တလေးမြို့

(စစ) ဦးလီဟိုက်ဝေ (ခ) ဝင်းမောင် (ဒါရိုက်တာအဖြစ်မှနုတ်ထွက်သူ)
၉/မမန (နိုင်) ဝဝ၃၇၁၅
အမှတ် (၃၀၇)၊ ၇၆ လမ်း၊ ၃၃ နှင့် ၃၄ လမ်းကြား၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့

ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်၏ နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေ စာရင်း

၁၂။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် ပြည်တွင်း၌ ရာဘာစိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားကုမ္ပဏီများမှ ရာဘာများဝယ်ယူခြင်းဖြင့် ရရှိသောရာဘာများကို ပြည်ပပို့ကုန်နှင့် ပြည်ပမှ ဓါတ်မြေဩဇာများ တင်သွင်းခြင်း လုပ်ငန်းများ လုပ်ကိုင်လျှက်ရှိပါသည်။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် ၂၈.၁၂.၂၀၀၇ ရက်နေ့မှစ၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ငွေစာရင်းအမှတ် FDP100390 ဖြင့်လည်းကောင်း၊ အလားတူ မန္တလေး၊ ကမ္ဘောဇဘဏ် (၂) တွင် မြန်မာကျပ်ငွေ စာရင်းအမှတ် 0035030290253500 ဖြင့်လည်းကောင်း၊ ရန်ကုန်၊ ကမ္ဘောဇဘဏ်တွင် မြန်မာ ကျပ်ငွေစာရင်းအမှတ် 02950302902535001 ဖြင့်လည်းကောင်း အသီးသီးဖွင့်လှစ်ထား ပါသည်။ ဖွံ့ဖြိုးသစ်ကုမ္ပဏီ၏ ၂၀၁၅-၁၆ ခုနှစ်အတွင်း နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေ ဘဏ် စာရင်းရှင်းတမ်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

Bank Name : **MICB**
Account No : **FDP - 100390 (USD)**
Name : **Phwint Phyo Thit Company Limited**

Date	Description	Debit	Credit	Balance
21.1.16	Opening			776.55
21.1.16	From Global PTE - 503119349301	900,000		900,776.55
21.1.16	Com :		7.70	900,168.85
21.1.16	To Shwe Byain Phyu – FDS – 100633		293,833.00	606,935.85
21.1.16	Com :		2.00	606,933.85
21.1.16	To Intrama - FDI - 100055		160,000.00	446,933.85
21.1.16	Com :		2.00	446,931.85
22.1.16	From Global PTE - 503119349301	500,000.00		946,931.85
22.1.16	From KGL Family – 650001878301	400,000.00		1,346,931.85
22.1.16	Com :		7.70	1,346,924.15

22.1.16	Com :		7.70	1,346,916.45
22.1.16	To Aung Kyar Phuu – FDA – 100499		250,000.00	1,096,916.45
22.1.16	Com :		2.00	1,006,914.45
25.1.16	To Jaguco Myanmar – FDJ – 100042		90,000.00	1,006,914.45
25.1.16	Com :		2.00	1,006,912.45
26.1.16	To R OASIS – RDR – 100040		100,000.00	906,912.45
26.1.16	Com :		2.00	906,910.45
26.1.16	To One M Myanmar – FDO – 100077		100,000.00	806,910.00
26.1.16	Com :		2.00	806,908.00
29.1.16	To Nay Min Lcabar		806,167.00	741.45
29.1.16	Com :		2.00	739.45

Bank Name : **Kanbawza Bank (MDL)**

Account No : **00350302902535001 (MMK)**

Name : **Phwint Phyo Thit Company Limited**

Date	Description	Debit	Credit	Balance
11.6.15	Opening Balance			0
11.6.15	By Transfer - 130501156		500,000,000	500,000,000
12.6.15	By Cash – EIKE MON KHAN		130,000,000	630,000,000
16.6.15	To Transfer – Online Sweep In	299,991,050		330;008,950
17.6.15	To Transfer – Daw Htay Htay Win	100,000,000		230,008,950
22.6.15	To Transfer – U Khin Maung Htwe	130,000,000		100,008.950
23.6.15	By Cash – U Sein Nyan		190,000,000	290,008.950
23.6.15	To Transfer – U Hline Min Htet	217,500,000		72,508,950
23.6.15	To Transfer – U Tin Saung	62,000,000		10,508,950
23.6.15	By Cash – Thant Zin Htun		100,000,000	110,508,950
24.6.15	To Transfer – U Eike Mon Khan	50,000,000		60,508,950
30.6.15	To Transfer – 130501153	32,000,000		28,508,950

30.6.15	By Transfer – Interest Post Credit Customer		1,118,276	29,627,226
2.7.15	By Transfer – Daw New Ni Oo		198,000,000	227,627,226
3.7.15	To Transfer – 130501156	200,000,000		27,627,226
3.7.15	By Cash – U Aye Ko		198,000,000	225,627,226
3.7.15	To Transfer – Online Sweep In	200		225,627,026
7.7.15	To Transfer – Online Sweep In	200,000,000		25,627,026
7.7.15	By Cash – U Aye Ko		98,000,000	123,627,026
30.7.15	To Transfer – Online Sweep In	30,000,000		93,627,026
12.8.15	To Transfer – Online Sweep In	20,000,000		73,627,026
18.8.15	To Transfer – Online Sweep In	73,000,000		627,026
30.9.15	By Transfer – Interest Post Credit Customer		1,244,031.17	1,871,057
7.10.15	By Cash – Deposit Cash		200,000,000	201,871,057
14.10.15	To Transfer – Online Sweep In	150,000,000		51,871,057
4.11.15	To Transfer – Online Sweep In	50,000,000		1,871,057
31.12.15	By Transfer – Inerest Post Credit Customer		561,591	2,432,649
22.2.16	By Cash – Kyaw Lin		800,000,000	802,432,649
23.2.16	By Transfer – Eike Monn Khan		100,000,000	902,432,649

Bank Name : **Kanbawza Bank (YGN)**

Account No : **02950302902535001 (MMK)**

Name : **Phwint Phyo Thit Company Limited**

Date	Description	Debit	Credit	Balance
1.12.15	Opening Balance			254,813,982
1.12.15	By Cash – Saw Daniel Linn		20,000,000	274,813,982
1.12.15	To Transfer – Phyo Thandar Aung	5,000,000		269,813,982
2.12.15	To Transfer – TRF	30,015,492		239,798,489
2.12.15	To Transfer – TRF	-30,015,492		269,813,982
2.12.15	To Transfer – TRF	30,000,000		239,813,982
3.12.15	To Transfer – Naw Christina	15,000,000		224,813,982
3.12.15	To Transfer – 130501064	12,910,000		211,903,982
7.12.15	To Transfer – Naw Christina	45,000,200		166,903,782
7.12.15	To Transfer – Online Sweep In	45,898,000		121,005,782

8.12.15	To Transfer – Naw Christina	5,000,000		116,005,782
8.12.15	To Transfer – 130501078	8,200,000		107,805,782
9.12.15	To Transfer – Naw Christina	10,000,000		97,805,782
10.12.15	To Transfer – U Saw Kyi	60,000,000		37,805,782
10.12.15	By Transfer – A/C Transfer		50,000,000	87,805,782
10.12.15	By Transfer – A/C Transfer		50,000,000	137,805,782
14.12.15	To Transfer – TRF	30,000,000		107,805,782
14.12.15	To Transfer – TRF	-30,000,000		137,805,782
14.12.15	To Transfer – TRF	30,000,000		107,805,782
14.12.15	To Transfer – Online Sweep In	99,747,500		8,058,282
31.12.15	By Transfer – Interest Post		2,002,293	10,060,575
1.1.16	By Transfer – 130501099		750,000	10,810,575
6.1.16	By Transfer – Auto Payment		100,000,000	110,810,575
7.1.16	To Transfer – U Nyi Nyi	24,390,000		86,420,575
8.1.16	To Transfer – Online Sweep In	55,727,050		30,693,525
21.1.16	By Cash – Thin Thin MyatMon		44,675,000	75,368,525
25.1.16	By Cash – Thin Thin MyatMon		5,600,000	80,968,525
26.1.16	By Cash – Daw Win May		500,000,000	580,968,525
26.1.16	To Transfer – Naw Christina	5,000,000		575,968,525
28.1.16	To Transfer – NyeinNyeinHtoo	23,000,000		552,968,525
30.1.16	By Cash – U Naing Oo Lwin		500,000,000	1,052,968,525
30.1.16	To Transfer – NawKhritSatinar	30,000,000		1,022,968,525
30.1.16	By Transfer – 130501108		220,000,000	1,242,968,525
30.1.16	By Cash – Myo Myint Aung		180,000,000	1,422,968,525
30.1.16	By Transfer – Auto Payment		100,000,000	1,522,968,525
2.2.16	To Transfer – U Saw Kyi	31,854,000		1,491,114,525
2.2.16	To Transfer – Online Sweep In	207,320,000		1,283,794,525
2.2.16	To Transfer – Daw Khin Toe	15,082,300		1,268,712,225
2.2.16	To Transfer – Tin Win Myint	15,965,000		1,252,747,225
2.2.16	To Transfer – Daw Mi Khine	25,100,000		1,227,647,225
2.2.16	By Cash – Myo Wai Zin Aung		15,000,000	1,242,647,225

ရင်းနှီးမြှုပ်နှံမှုပမာဏ

၁၃။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် နိုင်ငံတကာအဆင့်မှီ ရေတံခွန်တောင်ဂေါက်ကွင်း၊ Club House၊ အပန်းဖြေအားကစားဥယျာဉ်၊ စီးပွားရေးနှင့်လူနေအဆောက်အအုံတည်ဆောက်ရေး စီမံကိန်း၏ Developer အဖြစ် ငွေကျပ်သန်းပေါင်း (၉၈) ဘီလီယံကျော် ကုန်ကျနိုင်ကြောင်း အောက်ပါအတိုင်းခန့်မှန်းတွက်ချက်ရရှိပါသည် -

Yearly Investment/Capital Plan

No	Description	Own Capital Kyat' 000	Own Capital USD' 000	Total USD' 000	Asset Useful Life
1	Development Cost	41,746,918,433.00	34,174,374.00	82,756,167,233.00	50 Years
2	Land Use Premium	16,000,000,000.00		16,000,000,000,00	
		57,746,918,433.00	**34,174,374.00**	**98,756,167,233.00**	

Note: 1 USD = 1200 Kyats

Construction Cost Detail

No	Description	Sub Total Kyat' 000	Sub Total USD' 000	Total Kyat' 000
1	M & E Infrastructure	6,863,668,433.00	34,174,374.00	47,872,917,233.00
2	(၆) လမ်းသွား (၃.၇) မိုင်	10,883,250,000.00	-	10,883,250,000.00
3	ရေသွယ်ခြင်းလုပ်ငန်း (၉.၄) မိုင်	12,000,000,000.00	-	12,000,000,000.00
4	ရေသန့်နှင့်ရေဆိုးထုတ်စက်ရုံ	6,000,000,000.00	-	6,000,000,000.00
5	လျှပ်စစ်ဓါတ်အားခွဲရုံ + မီးစက်	6,000,000,000.00	-	6,000,000,000.00
	စုစုပေါင်း	**41,746,918,433.00**	**34,174,374.00**	**82,756,167,233.00**

Note: 1 USD = 1200 Kyats

<u>စီမံကိန်းတည်ဆောက်ရေးကာလ</u>


၁၄။ ဖွံ့ဖြိုးသစ် ကုမ္ပဏီသည် Developer အဖြစ် လုပ်ငန်းစတင်သည့်နှင့်တပြိုင်နက် စီမံကိန်း လျှင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများနှင့်အတူ စီမံကိန်းပါလုပ်ငန်းများကို တည်ဆောက်ရေးကာလအတွင်း အောက်ပါအတိုင်း အကောင်အထည်ဖော်တည်ဆောက်ရန် လျာထားပါသည် -

ဆောက်လုပ်မည့် အစီအစဉ်	အသစ်တည်ဆောက်မည့် လုပ်ငန်းများ	လုပ်ငန်းစတင်မည့်နေ့	ပြီးဆုံးမည့်ကာလ
အဆင့် (၁) Year (1)	ဂေါက်ကွင်းစတုတ္ထကော်နာ၊ Amusement Park နှင့် Club House	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့	စတင်သည့်နေ့မှ (၁) နှစ်အတွင်း
အဆင့် (၂) Year (2)	ဂေါက်ကွင်းတတိယကော်နာ၊ Amusement Park၊ 3 & 5 Star Hotels နှင့် Commercial Zone	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့မှ (၁) နှစ်ပြည့်မြောက်သည့်နေ့	စတင်သည့်နေ့မှ (၂) နှစ်အတွင်း
အဆင့် (၃) Year (3)	ဂေါက်ကွင်းဒုတိယကော်နာ၊ 3 & 5 Star Hotels၊ Commercial Zone ၊ Shop House နှင့် International School and Hospital	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့မှ (၂) နှစ်ပြည့်မြောက်သည့်နေ့	စတင်သည့်နေ့မှ (၃) နှစ်အတွင်း
အဆင့် (၄) Year (4)	ဂေါက်ကွင်းပထမကော်နာ၊ Semi Detached၊ 1st Row & 2nd Row Urban Residences၊ Urban Residences Type 3 & Type 4၊ Golf Course View နှင့် Luxury Hill Buildings	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့မှ (၃) နှစ်ပြည့်မြောက်သည့်နေ့	စတင်သည့်နေ့မှ (၄) နှစ်အတွင်း
အဆင့် (၅) Year (5)	Apartments၊ 16-4 Unit 5 Story Building for Employees နှင့်တည်ဆောက်ပြီး လုပ်ငန်းများအပြီးသတ်စစ်ဆေးခြင်း၊	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့မှ (၄) နှစ်ပြည့်မြောက်သည့်နေ့	စတင်သည့်နေ့မှ (၅) နှစ်အတွင်း

မှတ်ချက်။ စီမံကိန်းစတင်သည့်နေ့မှ တည်ဆောက်ရေးကာလအတွင်း Road and Landscaping၊ Water Supply နှင့် M&E လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ပါဝင်တည်ဆောက်သွားမည် ဖြစ်ပါသည်။


4.2 PROPOSAL-C

MASTERPLAN



4.2 PROPOSAL-C


MASTERPLAN (FUNCTION)



<u>အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများ</u>

၁၅။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် နိုင်ငံတကာအဆင့်မှီ ရေတံခွန်တောင်ဂေါက်ကွင်း တည်ဆောက်ရာတွင် လက်ရှိကစားနေသော ပထမကော်နာမှ တတိယကော်နာ ပါ (၂၇) ကျင်းရှိ ဂေါက်ကွင်းအားဆက်လက် အဆက်မပြတ်ကစားနိုင်ရန် စီစဉ်ထားပြီး နိုင်ငံတကာပညာရှင်များဖြင့် စတုတ္ထကော်နာမှစ၍ (၃၆) ကျင်းအထိ အဆင့်ဆင့်အသစ် တည်ဆောက်မည် ဖြစ်ပါသည်။


No	Items	Maximum no of units	Estimated Cost/Unit	
			အမေရိကန်ဒေါ်လာ	မြန်မာကျပ်ငွေ
1	Golf Course	-	14,520,833	17,425,000,000
2	Club House	-	2,323,068	2,787,681,082
3	Amusement Park	-	10,164,000	12,196,800,000



Club House တည်ဆောက်ခြင်း

6 TABLE OF AREA

archetype 6.1 General Schedule




GENERAL SCHEDULE	
Land area	25,017 m^2
Coverage *including cart storage*	4,260 m^2
Building coverage ratio	17.03%
Parking	4590 m^2
GFA	5943.00 m^2
Floor area ratio	0.24

GROUND FLOOR	
Main lobby *Reception* *Waiting area* *Hall*	400.00 m^2
Administration *Office x3* *Computer room* *Meeting room* *Toilets*	455.00 m^2
Staff quarter *Lockers* *Lounge*	195.00 m^2
Kitchen	235.00 m^2
Female locker	510.00 m^2
Male locker	645.00 m^2
Cart parking	685.00 m^2
Parking	4590.00 m^2
Pro shop	165.00 m^2
Shop storage	80.00 m^2
Swimming pool area	780.00 m^2
TOTAL	8740.00 m^2


LEVEL 1	
Restaurant *private dining rooms x5* *Seating area (340 seats)* *Toilets*	1050.00 m^2
Bar lounge	360.00 m^2
Spa	290.00 m^2
Fitness	95.00 m^2
Children room	75.00 m^2
TOTAL	1870.00 m^2

5 CLUB HOUSE


archetype 5.1 – General view



အပန်းဖြေအားကစားဥယျာဉ် တည်ဆောက်ခြင်း



AMUSEMENT PARK



၁၆။ ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်သည် Developer အဖြစ် လုပ်ကိုင်ဆောင်ရွက်မည့်အပြင် ရင်းနှီးမြှုပ်နှံသူများဖြင့် စီမံကိန်းပါ စီးပွားရေးနှင့် လူနေအဆောက်အအုံများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏သဘောတူညီချက် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်များနှင့်အညီ အောက်ပါအတိုင်း တပြိုင်နက် အကောင်အထည်ဖော် တည်ဆောက်သွားမည် ဖြစ်ပါသည် -


No	Items	Maximum no of units	Estimated Cost/Unit	
			အမေရိကန်ဒေါ်လာ	မြန်မာကျပ်ငွေ
1	3 Star Hotel	184	7,380,080	8,856,095,535
2	5 Star Hotel	234	13,858,439	16,630,127,341
3	International Hospital	300	14,425,141	17,310,168,953
4	International School	300	23,233,044	27,879,653,385
5	Shopping Center	1	26,724,283	32,069,140,123
6	Shop House	196	39,080,089	46,896,107,046
7	Semi Detached	80	12,779,169	15,335,002,835
8	1st Row Urban Residence	88	13,336,880	16,004,255,415
9	2nd Row Urban Residence	91	30,199,395	36,239,274,052
10	Urban Residence Type 3	22	7,912,942	9,495,529,827
11	Urban Residence Type 4	37	8,182,849	9,819,419,175
12	Golf Course View Building	56	20,730,954	24,877,144,232
13	Luxury Hill Building	115	51,167,716	61,401,258,645
14	Apartments	601	41,135,807	49,362,968,166
15	16-4 Unit 5 Story Building for Employees	320	18,816,096	22,579,314,923
16	Road and Landscaping	-	13,940,000	16,728,000,000
17	M & E	-	107,163,308	128,595,969,600

စီးပွားရေးနှင့် လူနေအဆောက်အအုံ တည်ဆောက်ခြင်း


3 STAR HOTEL

SCHEDULE - GENERAL

Land Area	6389.68m²
Construction Area	2173.40m²
Number of stories & Height	5-23.5m²
Plot Ratio	1.55
36 Superior Rooms	92 Rooms
44 Standard Rooms	
12 Suite Rooms	
GFA	8886.90m²
Basement GFA	557.16m²
Parking	1104.59m²
(Land area exluding surrounding pavement)	5752.78m²
Density	38%



Curtain wall to lighten the main lobby and the restaurant



DATA CHART

5 STAR HOTEL

Floor	GFA(sq.m)	NFA(sq.m)	EFF	Superior 1 Area (sq.m)	Superior 1 Room (nos.)	Superior 2 Area (sq.m)	Superior 2 Room (nos.)	Superior 3 Area (sq.m)	Superior 3 Room (nos.)	Superior 4 Area (sq.m)	Superior 4 Room (nos.)	Superior 5 Area (sq.m)	Superior 5 Room (nos.)	Superior 6 Area (sq.m)	Superior 6 Room (nos.)	Superior 7 Area (sq.m)	Superior 7 Room (nos.)	Deluxe Area (sq.m)	Deluxe Room (nos.)	Suite 1 Area (sq.m)	Suite 1 Room (nos.)	Suite 2 Area (sq.m)	Suite 2 Room (nos.)	Presidential Area (sq.m)	Presidential Room (nos.)
Roof Top	1,322.80	303.19	23%	Outdoor Area		240.8		BOH	117.09	Bar	186.1	Green Area		216.77											
LEVEL 10	1306.43	1082	83%									42	1					42	3	74	5			257	1
LEVEL 9	1306.43	825	63%							35	1	42	1					42	9	74	5				
LEVEL 8	2511.54	825	33%							35	1	42	1					42	9	74	5	Green Area		1151*	
LEVEL 7	2539.31	1746	69%	35	9	35	11	35	1	35	1	42	1	54	1	40	1	42	20						
LEVEL 6	2539.31	1746	69%	35	9	35	11	35	1	35	1	42	1	54	1	40	1	42	20						
LEVEL 5	2539.31	1746	69%	35	9	35	11	35	1	35	1	42	1	54	1	40	1	42	20						
LEVEL 4	2539.31	1746	69%	35	9	35	11	35	1	35	1	42	1	54	1	40	1	42	20						
LEVEL 3	2539.31	1746	69%	35	9	35	11	35	1	35	1	42	1	54	1	40	1	42	20						
LEVEL 2	2539.31	1730	68%	35	9	35	11	35	1	35	1	42	1	54	1	40	1	42	18			68	1		

Floor	GFA(sq.m)	NFA(sq.m)	EFF	Meeting Rm.1		Meeting Rm.2		Meeting Rm.3		Meeting Rm.4		Kid Rm		GREEK & ROMA		STAJONE		Italian Restaurant	
LEVEL 1	3102.12	2098	80%	35	1	71	1	31	1	70	1	206	1	290	1	421	1	268	1
												Pool Bar + Changing Room		189	1	Swimming Pool + Pool Deck		484	1

Floor	GFA(sq.m)	NFA(sq.m)	EFF	Business Centre		Conference Room		Boutique		BOH (conference room)		Night Day Bar		BOH	
GROUND FLOOR	5,710.97	4,164.00	73%	260	1	228	1	33	2	187	1	305	1	676	1

Lobby		Ball Room	
178	1	1094	1

Italian Restaurant		Staff Zone		Entrance lobby		Japanese Restaurant		All Day Dining	
208	1	154	1	142	1	240	1	866	1

Floor	GFA(sq.m)	NFA(sq.m)	EFF	UNITS (TOTAL SQ.M)																					
TOTAL	30,585.85	18,933.19	61%	1890	54	2310	66	210	6	280	8	378	9	324	6	240	6	5838	139	1110	15	68	1	257	1

Land Area	18633.9
BCR	33%
FAR	1.7

SUPERIOR ROOMS FOR TOTAL	155
DELUXE ROOMS FOR TOTAL	139
SUITE ROOMS FOR TOTAL	16
PRESIDENTIAL ROOMS FOR TOTAL	1
TOTAL	311

Required Car Parking

Description	Area	Quantity	No. of Cars	[illegible]
Restaurant	[illegible]	[illegible]	[illegible]	[illegible]
Hotel	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]
		[illegible]	[illegible]	

Available Car Parking	145

5 STAR HOTEL



4 TABLE OF AREA

archetype


HOSPITAL

LAND AREA	27042 m2	/	[illegible] sq.ft
GFA	31200 m2	/	[illegible] sq.ft
Density	1.154		[illegible]
Number of Beds	320		
COVERAGE	8319 m2 / 31 %	/	[illegible] sq.ft
GREEN AREA	8150 m2 / 30 %	/	[illegible] sq.ft

Department	Area
RADIOLOGY	965
LABORATORY	570
MORTUARY	100
OPD - Outpatient Department	1700
[illegible]	150
[illegible]	523
OT - Operation Theater	1190
[illegible]	520
ONCOLOGY	515
[illegible]	200
LIBRARY	120
MRD - Medical Record Department	140
CSSD - Central Sterile Service Dpt	460
EMERGENCY	635
[illegible]	500
CAFETARIA	380
[illegible]	790
LOCKERS	315
TECHNICAL	855
LAUNDRY	210
STORES	90
ADMINISTRATION	385
HOUSEKEEPING	70
SECURITY	55
PRAYER ROOM	
WARD	10700
VIP WARD	895

archetype

Hospital



INTERNATIONAL SCHOOL

Data Chart

ADMINISTRATION

Floor	Function	area
3RD		
2ND		
1ST	Teacher area	77m2
GF	Center admin	165m2
	Primary admin	151m2
	Mid high admin	127m2
	Pupil union	85m2
		1007

COMMON USE

Floor	Function	area
3RD	Shrine	52m2
	Toilet	140m2
	Circulation	264m2
2ND	Multifunction	146m2
	Break time space	75m2
	Toilet	231m2
	Circulation	1431m2
1ST	Exhibition	146m2
	Clinic service	98m2
	Toilet	231m2
	Circulation	1514m2
GF	Kitchen 1	123m2
	Canteen 1	290m2
	Kitchen 2	112m2
	Canteen 2	253m2
	Toilet	166m2
	Circulation	2016m2
		7773

CLASSROOM

Floor	no.	typical size	area
3RD	3	68	204m2
2ND	12	68	816m2
1ST	18	68	1224m2
GF	3	68	204m2
	36		**2448**

LAB/LEARNING CENTER

Floor	Function	area
3RD	Music studio	151m2
	Dance studio	121m2
	Art studio	128m2
	Library	686m2
2ND	History Geography	128m2
	Language lab	151m2
	Computer	288m2
	Server Room	86m2
	Resource activity	126m2
1ST	Domestic science	84m2
	Multimedia	84m2
	Resource activity	115m2
GF	Science lab	268m2
		2354

SPORT FACILITY

Floor	Function	area
GF	Basketball court	750m2
	Changing room	306m2
	Swimming pool	593m2
	Gymnastic yard	567m2
		1256

PERFORMING CENTER

Floor	Function	area
1ST	Breakfast area	152m2
	Auditorium	196m2
GF	Preparation	180m2
	Stage	750m2
	Lobby	274m2
	Toilet_service	82m2
		1921

GFA

Floor	GFA
3RD	2,258
2ND	3,412
1ST	4,097
GF	6,714
Total	16,259

DORMITORY

Floor	Function	area
3RD	Accommodation	333m2
	Common Bath	43m2
	Circulation	129m2
2ND	Accommodation	210m2
	Common Bath	36m2
	Circulation	244m2
1ST	Accommodation	210m2
	Common Bath	96m2
	Circulation	246m2
GF	Lobby	253m2
	Accommodation	563m2
	Common Bath	93m2
	Circulation	173m2
		3771m2

Type 4 pax.	57rm
Type 2 pax.	45rm
Total rooms	102
Total pupils	**318**

SUMMARY

Land area	25,187m2	271,111ft2
Footprint	**8,008**m2	***86,197**ft2*
BCR	32%	
Green area *	8,295m2	33%

Classroom	2,448m2	26,350ft2
Learning center	2,354m2	25,338ft2
Sport facilities	1,256m2	13,519ft2
Performing	1,921m2	20,677ft2
Admin	1,007m2	10,839ft2
Common use	7,773m2	83,668ft2
Dormitory	3,771m2	40,591ft2
No of students	318	
GFA	20,530m2	220,983ft2
FAR	0.82	


Primary canteen	280 sm
Upper canteen	240 sm
Total	**520** sm

		No. of class
Pupil per class	36	
Primary school	540	15
Secondary	432	12
High school	324	9
Total pupil	**1296**	**36**

Car park	164
Motorbike park	147

archetype

INTERNATIONAL SCHOOL



DATA CHART

SHOPING CENTER

[illegible]	[illegible]	Floor	GFA	NFA		PARKING
19.55		Roof Top	4,272 sq m / 45,987 sq ft	4,272 sq m / 45,987 sq ft		4,272 sq m / 45,987 sq ft
15.2	4.35	3rd Floor	10,664 sq m / 114,784 sq ft	7,333 sq m / 78,928 sq ft		4,272 sq m / 45,987 sq ft
10.85	4.35	2nd Floor	14,432 sq m / [illegible] sq ft	[illegible] sq m / [illegible] sq ft		4,050 sq m / [illegible] sq ft
		INTERMEDIATE LEVEL	4,050 sq m / [illegible] sq ft	4,050 sq m / [illegible] sq ft		4,050 sq m / [illegible] sq ft
6.5	4.35	1st Floor	17,529 sq m / [illegible] sq ft	13,542 sq m / [illegible] sq ft		4,206 sq m / [illegible] sq ft
0.6	5.9	Ground Floor	18,003 sq m / [illegible] sq ft	8,076 sq m / [illegible] sq ft		BOH / 122 sq m
Total			[illegible] sq m / [illegible] sq ft	[illegible] sq m / [illegible] sq ft		[illegible] sq m / [illegible] sq ft

Floor	SHOPPING MALL											
Roof Top												
3rd Floor	Green Area	3,040? sq m / [illegible] sq ft	BOH	230 sq m / [illegible] sq ft	Food Court	3,359 sq m / [illegible] sq ft	Fine Dining	557 sq m / [illegible] sq ft	Office	544 sq m / [illegible] sq ft		
2nd Floor	Green Area	2,898 sq m / 31,190 sq ft	BOH	236 sq m / 2,544 sq ft	Cinema	1,071 sq m / [illegible] sq ft	Vendor	3,621 sq m / [illegible] sq ft	Game Centre	291 sq m / [illegible] sq ft	Karaoke	337 sq m / [illegible] sq ft
INTERMEDIATE LEVEL												
1st Floor	Green Area	2,898 sq m / [illegible] sq ft	BOH	277 sq m / [illegible] sq ft	Department Store	4,893.26 sq m / [illegible] sq ft	Retail	4,932 sq m / [illegible] sq ft				
Ground Floor	Green Area	10,628 sq m / [illegible] sq ft	BOH	132 sq m / [illegible] sq ft	Hypermarket	1,851 sq m / [illegible] sq ft	Retail	7,225 sq m / [illegible] sq ft				
Total	Green Area	19,425 sq m / [illegible] sq ft	[illegible]									


LAND USE

LAND AREA	36,916.1?	SQ M
FOOT PRINT AREA	17,970.78	SQ M
BCR	[illegible]	
FAR	[illegible]	

PARKING CALCULATION


Total GFA	69,004 sq-m	
Required area of Parking	13,801 sq-m	20% of Total GFA
Available area of Parking	20,650 sq-m	

SHOPING CENTER



SHOPHOUSE RELATIONSHIP

Land Location and Area Table



SUMMARY OF SHOPHOUSE TYPES

SHOPHOUSE TYPES	TYPE 01		TYPE 02		TYPE 03		TYPE 04	
STOREY NUMBERS OF EACH TYPE	5		4		4		5	
GFA OF EACH FLOOR(SQM-SQFT)	SQM	SQFT	SQM	SQFT	SQM	SQFT	SQM	SQFT
1ST FLOOR	92	1,000	98	1,080	103	1,111	98	1,062
2ND FLOOR	89	966	99	1,069	98	1,064	73	751
3RD FLOOR	92	1,000	96	1,040	102	1,106	97	1,070
4TH FLOOR	90	970	93	1,005	94	1,019	96	1,040
5TH FLOOR	87	938					93	1,002
TOTAL GFA OF TYPES(M2)	450	4,858	386	4,174	397	4,300	459	4,085
TOTAL UNIT OF EACH TYPE	39		39		85		55	
TOTAL AREA OF UNITS(M2)	17,550	189,462	15,054	162,786	21,836	236,054	25,245	272,918
TOTAL NUMBER OF TYPES	188							
TOTAL AREA OF ALL TYPES	SQM				SQFT			
	79,684				861,220			

PJ

SHOP HOUSE



TABLE OF AREA

Summarized Chart

LOW RISE APARTMENTS

APARTMENT SUMMARIES

APT. TYPE	PARCEL A		PARCEL B		PARCEL C		PARCEL D		ALL PARCEL	
	UNIT	PERCENT	UNIT	PERCENT	UNIT	PERCENT	UNIT	PERCENT	UNIT	PERCENT
TYPE 1	5Units	7.35%	12Units	6.38%	18Units	7.56%	5Units	3.85%	40Units	6.41%
TYPE 1A	0Units	0%	6Units	3.19%	6Units	2.52%	6Units	4.62%	18Units	2.88%
TYPE 2	11Units	16.18%	18Units	9.57%	29Units	12.18%	21Units	16.15%	79Units	12.66%
TYPE 2A	0Units	0%	10Units	5.32%	5Units	2.10%	0Units	0%	15Units	2.40%
TYPE 3	6Units	8.82%	35Units	18.62%	42Units	17.65%	36Units	27.69%	119Units	19.07%
TYPE 3A	23Units	33.82%	37Units	19.68%	52Units	21.85%	16Units	12.31%	128Units	20.51%
TYPE 4	5Units	7.35%	0Units	0%	4Units	1.68%	0Units	0%	9Units	1.44%
TYPE 4A	12Units	17.655%	20Units	10.64%	15Units	6.30%	22Units	16.92%	69Units	11.06%
TYPE 4B	6Units	8.82%	50Units	26.60%	67Units	28.15%	24Units	18.46%	147Units	23.56%
TOTAL	68Units		188Units		238Units		130Units		624Units	

PARCEL SUMMARIES

	PARCEL A		PARCEL B		PARCEL C		PARCEL D		TOTAL	
Desingated Land Use	Apartment	68 Units	Apartment	188 Units	Apartment	238 Units	Apartment	130 Units	624 Units	
Building land Plot	7.244m^2	77.974ft^2	20.222m^2	217.669ft^2	23.544m^2	253.578ft^2	11.548m^2	124.281ft^2	62.556m^2	673.353ft^2
Approx . GFA	15.591m^2	167.821ft^2	42.343m^2	455.780ft^2	52.996m^2	570.448ft^2	30.031m^2	235.376ft^2	140.961m^2	1517.304ft^2
Footprint	2.927m^2	231.506ft^2	8.600m^2	92.570ft^2	10.454m^2	112.528ft^2	5.331m^2	57.382ft^2	27.312m^2	293.986ft^2
FAR	2.15		2.09		2.25		2.6		2.25	
BCR	40.4%		42.52%		44.4%		46.17%		43.66%	
Maximum Building height	24.6m	80.7ft	28.2m	92.5ft	28.2m	92.5ft	28.2m	92.5ft		
Number Of Storeys	6-7		5-6-7-8		5-6-7-8		6-7-8			
Green Space Ratio Min	15%		15%		15%		15%			
Required Setback	6m	20ft	6m	20ft	6m	20ft	6m	20ft		
Car parking + Moto number	82 cars + 136 moto		226 cars + 376 moto		286 cars + 476 moto		156 cars + 260 moto		750 cars + 1248 moto	

archetype

PERSPECTIVE
PERSPECTIVE 02

LOW RISE APARTMENTS



archetype


4.23 PROPOSAL-C

SUMMARIZED CHART

	FUNCTION		Building Plot		GFA		Footprint		FAR	BCR	Max. H	Units
	Shopping center		36,169 m²	8.9 acres	51,050 m²	549,498 ft²	19,339 m²	208,379 ft²	1.41	53.5%	14.4m	
	Low rise apartment		14,556 m²	3.6 acres	29,871 m²	321,529 ft²	6,471 m²	69,653 ft²	2.05	44.6%	20.4m	136 units
	Low rise apartment		13,766 m²	3.4 acres	25,508 m²	274,566 ft²	5,772 m²	62,129 ft²	1.85	42.0%	20.4m	120 units
	Low rise apartment		23,017 m²	5.7 acres	38,856 m²	418,243 ft²	9,246 m²	99,523 ft²	1.69	40.2%	20.4m	208 units
	Low rise apartment		12,523 m²	3.1 acres	23,127 m²	248,937 ft²	5,215 m²	56,134 ft²	1.85	41.6%	20.4m	127 units
			63,862 m²	15.8 acres	117,362 m²	1,263,274 ft²	26,704 m²	287,439 ft²				601units
	Shophouse	(27x40)	33,948 m²	8.4 acres	73,607 m²	792,295 ft²	16,828 m²	181,136 ft²	2.17	49.6%	18m	196 units
	Semi detached Villa	(60x60)	28,662 m²	7.1 acres	28,000 m²	301,389 ft²	15,840 m²	170,500 ft²	0.98	55.3%	8m	80 units
	1st row urban Villa	(50x60)	31,381 m²	7.8 acres	31,240 m²	336,265 ft²	15,840 m²	170,500 ft²	1.00	50.5%	8m	86 units
	2nd row urban villa	(60x80)	50,223 m²	12.4 acres	43,134 m²	464,291 ft²	23,387 m²	251,736 ft²	0.86	46.6%	8m	91 units
	Urban Villa type 3	(80x100)	22,582 m²	5.6 acres	17,336 m²	186,603 ft²	9,372 m²	100,879 ft²	0.77	41.5%	8m	22 units
	Urban Villa type 4	(80x80)	24,963 m²	6.2 acres	24,568 m²	264,448 ft²	13,764 m²	148,154 ft²	0.98	55.1%	8m	37 units
	Golf Course View Villa	(100x100)	58,807 m²	14.5 acres	45,416 m²	488,854 ft²	24,584 m²	264,620 ft²	0.77	41.8%	8m	56 units
	Luxury Hill Villa	(100x140)	172,190 m²	42.5 acres	105,800 m²	1,138,822 ft²	52,900 m²	569,411 ft²	0.61	30.7%	8m	115 units
			422,746 m²	104.5 acres	369,101 m²	3,972,966 ft²	172,515 m²	1,856,936 ft²				685units
	Community Center		5,030 m²	1.2 acres	9,105 m²	98,008 ft²	2,040 m²	21,958 ft²	1.81	40.6%	22m	
	5 star Hotel		20,716 m²	5.1 acres	23,706 m²	255,165 ft²	3,866 m²	41,609 ft²	1.14	18.7%	45m	300 rooms
	3 star Hotel		9,851 m²	2.4 acres	13,963 m²	150,295 ft²	4,101 m²	44,143 ft²	1.42	41.6%	21m	100 rooms
	School		24,895 m²	6.2 acres	30,261 m²	325,727 ft²	6,420 m²	69,104 ft²	1.22	25.8%	16m	1800 students
	International Hospital		26,345 m²	6.5 acres	31,000 m²	333,681 ft²	9,611 m²	103,452 ft²	1.18	36.5%	21m	300 beds

TOTAL				
Project area		2,263,563 m²	559.3	acres
GOLF COURSE AREA	54%	1,219,154 m²	301.3	acres
Golf course area	50.2%	1,136,600 m²	280.9	acres
Maintenance	0.9%	20,467 m²	5.1	acres
Clubhouse area	1.1%	25,293 m²	6.3	acres
Driving range	1.6%	36,794 m²	9.1	acres
AMUSEMENT PARK	5.1%	115,239 m²	28.5	acres
BUILT AREA	41.0%	929,160 m²	229.6	acres
Plot use		609,564 m²	150.6	acres
Road, park		319,596 m²	79.0	acres

Total GFA		Footprint		Density
1,132,004m²	12,184,792 ft²	244,615m2	2,633,014 ft²	26.3%



မြို့တော်စည်ပင်နှင့် စာချုပ်ချုပ်ဆိုခြင်း

၁၇။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ၁၂.၃.၂၀၁၅ နေ့မှစ၍ ပုသိမ်ကြီးမြို့နယ်၊ ရေတံခွန်တောင်ဂေါက်ကွင်း အဆင့်မြင့်တိုးချဲ့တည်ဆောက်ရန်အတွက် တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း စနစ်ဖြင့် နှစ်ရှည်ဆောင်ရွက်ရန် မန္တလေးနေ့စဉ်နှင့် ရတနာပုံသတင်းစာတို့မှ တင်ဒါခေါ်ယူခဲ့ပြီး လျှောက်လွှာများကို ၁၈.၃.၂၀၁၅ မှ ၁၀.၄.၂၀၁၅ အထိ ရောင်းချပေးခဲ့ပါသည်။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်အတူ ၂၃.၄.၂၀၁၅ ရက်နေ့ ၁၃:၀၀ အချိန် နောက်ဆုံးထားပေးပို့ရန် ကြေညာခဲ့ပါသည်။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် သတ်မှတ်ထားသည့် နေ့ရက်အချိန်တွင် အခြားကုမ္ပဏီ (၅) ခုနှင့်အတူ တင်ဒါတင်သွင်းခဲ့ပါသည်။

၁၈။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၂.၆.၂၀၁၅ နေ့တွင် ဖွံ့ဖြိုးသစ်ကုမ္ပဏီအားရွေးချယ်ကြောင်း အကြောင်းကြားခဲ့ပြီး ၁၉.၈.၂၀၁၅ နေ့တွင် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ၂၂.၆.၂၀၁၅ နေ့တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရက်စွဲပါစာအမှတ် (၀၀၄)/အကြံပေး(၂၀၁၅) ဖြင့် ဖွံ့ဖြိုးသစ် ကုမ္ပဏီနှင့် လက်မှတ်ရေးထိုးထားသော MOU စာချုပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့အကြံဉာဏ်တောင်းခံခဲ့ပြီး ယင်းရှေ့နေချုပ်ရုံး၏ ၂၉.၇.၂၀၁၅ ရက်စွဲပါစာအမှတ် ၂(၅)၉-၃၈/နပတ(၇၃၈) ဖြင့် ပြန်ကြားထားသော အကြံပြုချက်နှင့်အညီ နှစ်ဦးနှစ်ဖက်ညှိနှိုင်းစာချုပ် ချုပ်ဆိုခဲ့ပါသည်။

၁၉။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် ဖွံ့ဖြိုးသစ်ကုမ္ပဏီနှင့် စီမံကိန်းအား နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် စာချုပ် (မူကြမ်း) အား ၂၆.၁.၂၀၁၆ ရက်စွဲပါစာအမှတ် ၁၀၀၁/၇/ပန်းကစား(၀၁၇၆) ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်တောင်းခံခဲ့ရာ ရှေ့နေချုပ်ရုံး၏ ၄.၂.၂၀၁၆ ရက်စွဲပါစာအမှတ် ၂(၅)၄-၁၄/နပတ(၁၁၃) ဖြင့် ပြန်ကြားထားသော အကြံပြုချက်ပါအတိုင်း နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး ၁၁.၂.၂၀၁၆ ရက်နေ့တွင် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုခဲ့ပါသည်။

သဘာဝနှင့် လူမှုပတ်ဝန်းကျင် လေ့လာဆန်းစစ်ချက်

Environmental and Social Impact Assessment Report (ESIA)

၂၀။ ၂၄.၈.၂၀၁၅ ရက်နေ့တွင် ဖွံ့ဖြိုးသစ် ကုမ္ပဏီသည် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပါက ရေတံခွန်တောင်ဂေါက်ကွင်းဒေသနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (Environment Impact Assessment – EIA) နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် (Social Impact Assessment – SIA) လုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အသိအမှတ်ပြု OSHE Services Co., Ltd အား လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။ OSHE ကုမ္ပဏီအနေဖြင့်လည်း ကျွမ်းကျင်သူပညာရှင်များဖြင့်

ရေတံခွန်တောင်ဂေါက်ကွင်းနှင့် ပတ်ဝန်းကျင်ဒေသအတွင်း ဆန်းစစ်ဖော်ထုတ်လျှက်ရှိပြီး ESIA ၏လုပ်ငန်းစဉ်တစ်ခုဖြစ်သော အနီးပတ်ဝန်းကျင်ဒေသဖြစ်သော ပုသိမ်ကြီးမြို့နယ်၊ ရေကြည်၊ ရွေးစု၊ အိုင်ကြီး၊ သရက်တောကျေးရွာအုပ်စုများမှ လူထုတွေ့ဆုံဆွေးနွေးပွဲ (Public Meeting) ကို ၈.၁၂.၂၀၁၅ ရက်နေ့တွင် ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပပြီးဖြစ်ပါသည်။





၂၀။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် အဆိုပါဆန်းစစ်လေ့လာချက်အစီရင်ခံစာမှ တွေ့ရှိအကြံပြု သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက် (Environmental Management Plan) နှင့်အညီ

လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် ရေတံခွန်တောင် ဂေါက်ကွင်းနှင့် ယင်းဒေသပတ်ဝန်းကျင်ရှိ သစ္စာဝေဒဂူစာသင်တိုက်၊ မုံလည်တောရကျောင်း၊ ရွှေနတ်တော်တောရကျောင်းနှင့် ရေကြည်ကျေးရွာ ညောင်ပင်ကျောင်းတိုက် သံဃာ့နာယက ဆရာတော် ဦးကောဝိဒကျောင်းမှ ဆရာတော်ကြီးများထံ ဖူးမျှော်သြဝါဒခံယူခြင်း၊ ဝတ္ထုငွေ ကျပ်သိန်း (၂၀) ဆက်ကပ်လှူဒါန်းခြင်းတို့ကိုလည်းကောင်း၊ ရေကြည်ကျေးရွာအုပ်စု အမှတ် (၂၀) အလယ်တန်းကျောင်းသို့ ကျပ်သိန်း (၅၀) ခန့်တန်ဖိုးရှိ စာသင်ခုံ (၅၁) ခုံ လှူဒါန်းခြင်း၊ ကျေးရွာလူမှုရေးအသင်းသို့ လစဉ်စက်သုံးဆီများ ထောက်ပံ့ခြင်းတို့အပြင် ရေတံခွန်တောင် ဂေါက်ကွင်းဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ငွေစုငွေချေးအသင်းအဖွဲ့ ထူထောင်ခြင်း၊ ကျန်းမာရေးအတွက် ထောက်ပံ့ခြင်း၊ သရက်တောရွာ စုပေါင်းကထိန်သို့ တန်ဖိုးငွေ (၁၅) သိန်းခန့် ပါဝင်လှူဒါန်းခြင်းတို့ကို လူမှုတာဝန်ဆောင်ရွက်မှုလုပ်ငန်း (Coporate Social Responsibility (CSR) အတွက် တန်းဖိုးငွေကျပ်သိန်း (၅၀) ခန့် သုံးစွဲထားပြီး ဖြစ်ပါသည်။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် စီမံကိန်းနှင့်ဆက်စပ်လျှက်ရှိသော ရေကြည်၊ ရွှေးစု၊ အုံကြီး၊ သရက်တော စသည့်ကျေးရွာများရှိ လုပ်သားပြည်သူများနှင့် ဂေါက်ကွင်းဝန်ထမ်းများ၏ CSR လုပ်ငန်း အတွက် ငွေကျပ်သိန်း (၂၀၀၀) ခန့် အရင်းပျောက် ရန်ပုံငွေထားရှိသုံးစွဲရန် စုဆောင်းထားခြင်း၊ ကျေးလက်ကျန်းမာရေးဆေးခန်း ထူထောင်ခြင်းနှင့် သန့်ရှင်းသော ရေပေးဝေရေးလုပ်ငန်းများ ထောက်ပံ့ပေးရန်၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကယ်ရီဝန်ထမ်းနေအိမ်များ တည်ဆောက်ပေးရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။




ရေကြည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက်
ဖွံ့ဖြိုးသစ်ကုမ္ပဏီ က လှူဒါန်းသော စာရေးစားပွဲခုံများ
ပေးအပ်လှူဒါန်းပွဲ အခမ်းအနား



1.1 SITE ANALYSIS

NEW PROPOSED ROAD TO THE SITE





Existing Road to the site


New proposed Road

1.1 SITE ANALYSIS

NEW PROPOSED ROAD TO THE SITE









<u>စီမံကိန်း၏ အလုပ်အကိုင်အခွင့်အလမ်းများ</u>

၂၂။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် နိုင်ငံတကာအဆင့်မှီ ရေတံခွန်တောင်ဂေါက်ကွင်း၊ Club House၊ အပန်းဖြေအားကစားဥယျာဉ်၊စီးပွားရေးနှင့်လူနေအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ရာတွင် ဒေသတွင်းလုပ်သားပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ များပြားစွာပေါ်ထွက်လာသည်နှင့်အညီ ၎င်းတို့၏ လူမှုစီးပွားဘဝတိုးတက် လာမည့်စီမံကိန်းဖြစ်ပါသည်။ ဖွံ့ဖြိုးသစ် ကုမ္ပဏီသည် စာချုပ်ပါစည်းကမ်းအရ လက်ရှိဂေါက်ကွင်း ဝန်ထမ်းများဆက်လက်ခန့်ထားရေး၊ ဝန်ထမ်းအိမ်ရာရရှိရေးနှင့် ဂေါက်သီးအားကစားစဉ်ဆက် မပြတ်ကစားခွင့်ရရှိနိုင်ရန်အတွက် စီစဉ်ထားရန် နားလည်မှု စာချွန်လွှာ (MOU) လက်မှတ်ရေးထိုးထားပြီး ၁.၉.၂၀၁၅ ရက်နေ့မှစ၍ လက်ရှိဝန်ထမ်း (၁၇၇) ယောက်နှင့် ကယ်ဒီ (၂၈၀) ဦးတို့ကို တာဝန်ယူဆက်လက်ခန့်ထားပေးပြီး ဂေါက်ကွင်းလုပ်ငန်း လည်ပတ်လျှက်ရှိပါသည်။ ဖွံ့ဖြိုးသစ်ကုမ္ပဏီအနေဖြင့် စီမံကိန်းအတွက်လိုအပ်သော အတတ်ပညာရှင်နှင့် ဝန်ထမ်းများခန့်ထားရာတွင် ဝန်ထမ်းမိသားစုနှင့် ဒေသတွင်းလုပ်သားပြည်သူများ၏ မိသားစုဝင်များကို ဦးစားပေးရွေးချယ် ခန့်ထားခဲ့ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ဝန်ထမ်း (၂၅၃) ဦးနှင့် လက်ရှိကယ်ဒီ (၃၅၀) ဦး အလုပ်အကိုင်အခွင့်အလမ်း ရရှိခဲ့ပါသည်။


၂၃။ ဖွံ့ဖြိုးသစ်ကုမ္ပဏီမှ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသော စီမံကိန်းတွင် နိုင်ငံတကာအဆင့်မှီ ဂေါက်ကွင်း (၁) ခု၊ အပန်းဖြေအားကစားဥယျာဉ်၊ ဟော်တယ် (၂) လုံး၊ ဆေးရုံ (၁) ခု၊ စာသင်ကျောင်း (၁) ကျောင်းအပြင် စီးပွားရေးအဆောက်အအုံနှင့် လူနေအိမ်

လုပ်ငန်းများ ပါရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ထွန်းလာမည် ဖြစ်ပါသည်။ သက်ဆိုင်ရာလုပ်ငန်းအလိုက် ပညာရှင်များ၏တွက်ချက်မှုအရ လုပ်ငန်းအလိုက် အရာထမ်း (၂၀၀) ကျော်၊ နိုင်ငံတကာအဆင့်မှီ ဂေါက်ကွင်းအတွက် ဝန်ထမ်း (၃၀၀) ခန့်၊ ကယ်ရီ (၄၀၀) ခန့်၊ အပန်းဖြေအားကစားဥယျာဉ်အတွက် ဝန်ထမ်း (၁၀၀) ခန့်၊ ဟော်တယ်လုပ်ငန်းအတွက် ဝန်ထမ်း (၅၀၀) ခန့်၊ ဆေးရုံအတွက် ဝန်ထမ်း (၂၀၀) ခန့်၊ ကျောင်းအတွက် ဝန်ထမ်း (၁၀၀) ခန့်၊ စီးပွားရေးအဆောက်အအုံများအတွက် ဝန်ထမ်း (၁၀၀) ခန့်၊ လူနေအဆောက်အအုံများ အတွက် ဝန်ထမ်း (၁၀၀) ခန့် စုစုပေါင်းဝန်ထမ်း (၂၀၀၀) ပေါ်ထွက်လာနိုင်ပြီး တည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်သား (၂၀၀၀) ခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဟု မျှော်မှန်း သုံးသပ်ထားပါသည်။


<u>လျှပ်စစ်မီးနှင့် သောက်သုံးရေ ဖူလုံစွာရရှိရေး</u>

၂၄။ ဖွံ့ဖြိုးသစ်ကုမ္ပဏီမှ တည်ဆောက်မည့်စီမံကိန်းအတွက် လျှပ်စစ်မီးရရှိရေးအတွက် မြန်မာ့လျှပ်စစ်လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်မည် ဖြစ်ပါသည်။ ကျွမ်းကျင်သူ ပညာရှင်များ၏ တွက်ချက်မှုအရ Developer အဆင့်အတွက် (၁) နှစ်လျှင် လျှပ်စစ် 430 MW လိုအပ်ပြီး စီမံကိန်း (၁) ခုလုံးအတွက် 1277 MW သုံးစွဲရမည် ဖြစ်ပါသည်။ စီမံကိန်းအတွက် အရေးပေါ်အသုံးပြုနိုင်ရန် ဒီဇယ်အင်ဂျင်မီးစက် စီစဉ်ထားရှိပြီး မြင်းကောင်ရေ 2144 HP ရှိ ဒီဇယ်အင်ဂျင်သုံး 2000 KVA ဂျင်နရေတာ (၆) လုံး ထားရှိမည် ဖြစ်ပါသည်။

၂၅။ ရေတံခွန်တောင်ဂေါက်ကွင်းတည်နေရာမှာ ဆည်တော်ကြီးရေလှောင်တမံ၏ပင်မလက်တံမြောင်းဘေး ပေ (၁၅၀) အကွာ၌ တည်ရှိသဖြင့် လိုအပ်သည့် သောက်သုံးရေအတွက် ရေသန့်စင်စက်ရုံဖြင့် သန့်စင်ပြီး သုံးစွဲရန် လျာထားပါသည်။ သို့ရာတွင် ဆည်တော်ကြီးရေမှာ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးအတွက် အဓိကသုံးစွဲရန်ဖြစ်သဖြင့် စိုက်ပျိုးရေးသုံးစွဲမှုမရှိချိန်နှင့် ဆည်ရေနည်းပါးချိန်တွင် သောက်သုံးရေအခက်အခဲမရှိစေရန် စီမံကိန်းဒေသမှ (၉) မိုင်ခန့်ရှိ ဒုဋ္ဌဝတီမြစ်မှ ရေသွယ်တန်းရယူသန့်စင်ပြီး သုံးစွဲရန် စီစဉ်ထားပါသည်။ စီမံကိန်းတစ်ခုလုံး အတွက် သောက်သုံးရေလိုအပ်ချက်ဖြစ်သော (၁) ရက် ဂါလံ (၃) သန်းဖြစ်ရန် (၁) နှစ်လုံး ဂါလံ (၁၀၉၅) သန်း လိုအပ်ပါသည်။


Yay Kyi
ဝေါက်တွင်း
Kyauk Mee
ရေပိုက်လမ်းကြောင်း
Ohn Chaw
ဒုဋ္ဌာဝတီမြစ်







နိဂုံး

၂၆။ ဖွံ့ဖြိုးသစ်ကုမ္ပဏီသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီ၏ ရည်မှန်းချက်များ ဖြစ်သော ရေတံခွန်တောင် ဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မှီ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရန်၊ ရေတံခွန်တောင်ဂေါက်ကွင်းအနီး ပတ်ဝန်းကျင်ဒေသရှိ ပြည်သူလူထုများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ရေတံခွန်တောင်ဂေါက်ကွင်း

နှင့် ဆက်စပ် လျှက်ရှိသောဒေသများ၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စိမ်းလန်းစိုပြေရေးကို စီမံကိန်းချမှတ် စနစ်တကျဆောင်ရွက်ရန်၊ ရေတံခွန်တောင်ဂေါက်ကွင်း အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်မှု အစဉ်အလာကို ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ရန်၊ ရေတံခွန်တောင်တွင် နိုင်ငံတကာအဆင့်မှီဂေါက်ကွင်း၊ Club House၊ အပန်းဖြေ အားကစား ဥယျာဉ်၊ စီးပွားရေး နှင့်လူနေအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် စသည့်အချက်များနှင့်အညီ တည်ဆောက်ရေးစီမံကိန်း အား အောင်မြင်အောင် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပူးတွဲပါစာရွက်စာတမ်းမိတ္တူများနှင့်အတူ တင်ပြအပ်ပါသည်။

ဖွံ့ဖြိုးသစ် ကုမ္ပဏီလီမိတက်

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

နှင့်

ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်

တို့အကြားချုပ်ဆိုသော

နိုင်ငံတကာအဆင့်မှီ ရေတံခွန်တောင်ဂေါက်ကွင်း၊

Club House ၊ အပန်းဖြေအားကစားဥယျာဉ်၊ စီးပွားရေးနှင့်

လူနေအဆောက်အအုံများ တည်ဆောက်ရေး စီမံကိန်း

သဘောတူစာချုပ်

စာချုပ်အမှတ်စဉ် - (၁၄ / ၂၀၁၆)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၁ ရက် မန္တလေးမြို့

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် တို့အကြား ချုပ်ဆိုသော နိုင်ငံတကာအဆင့်မီ ရေတံခွန်တောင်ဂေါက်ကွင်း၊ Club House၊ အပန်းဖြေ အားကစားဥယျာဉ်၊ စီပွားရေးနှင့် လူနေ အဆောက်အအုံများ တည်ဆောက်ရေး စီမံကိန်း သဘောတူစာချုပ်

မာတိကာ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဖွံ့ဖြိုးသစ် ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုသော နိုင်ငံတကာအဆင့်မှီ ရေတံခွန်တောင်ဂေါက်ကွင်း၊ စီးပွားရေးနှင့် လူနေအဆောက်အအုံတည်ဆောက်ရေး စီမံကိန်း သဘောတူစာချုပ်

စာချုပ်ချုပ်ဆိုသူများ

ပြည်ထောင်စုမြန်မာနိုင်ငံတော် မန္တလေးမြို့၌ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်နေ့တွင် **ဦးသက်နိုင်ထွန်း၊ တွဲဖက်အတွင်းရေးမှူး၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ကိုယ်စားပြုသော မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ** (နောင်တွင် အခြားကွဲပြားသော အဓိပ္ပါယ်ဖော်ပြချက်မရှိလျှင် "မန်းစည်ပင်" ဟု ရည်ညွှန်းမည်ဖြစ်ပြီး ယင်းစကား ရပ်တွင် ယင်း၏ဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများလည်း အကျုံးဝင်သည်ဟု မှတ်ယူရမည်) ကတစ်ဖက်

နှင့်

ဦးမောင်မောင်၊ ၁၃/လရန(နိုင်)၀၉၀၆၁၀၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ လီမိတက် ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေအရဖွဲ့စည်းထားသည့်အမှတ်(ခ-၄၀၁)၊ ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် (နောင်တွင် အခြားကွဲပြားသောအဓိပ္ပာယ်ဖော်ပြချက်မရှိလျှင် "ဖွံ့ဖြိုးသစ်" ဟုရည်ညွှန်းမည်ဖြစ်ပြီး ယင်း စကားရပ်တွင် ယင်း၏ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရလွှဲအပ်ခြင်းခံရ သူများလည်းအကျုံးဝင်သည်ဟုမှတ်ယူရမည်) က အခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်း ချက်များနှင့်အညီ ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီး ချုပ်ဆိုကြပါသည်။

ယင်းသို့ချုပ်ဆိုကြရာတွင် ယခုစာချုပ်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ (၁၉-၈-၂၀၁၅) ရက် နေ့တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် (စာချုပ် ဝင်နှစ်ဖက်) အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး ချုပ်ဆိုထားခြင်းကိုပါ ဤစာချုပ် တွင်အပါအဝင်အဖြစ် နှစ်ဖက်သဘောတူချုပ်ဆိုကြပါသည်။

အပိုဒ် ၁ အာမခံခြင်း နှင့် ကိုယ်စားပြုခြင်း

၁-၀၁။ "မန်းစည်ပင်" သည် ၁၉၉၇-၉၈ ခုနှစ်မှစ၍မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့ နယ်၊ ရေကြည်အရှေ့ ကွင်းအမှတ် (၅၄၈)၊ ချောင်းကြီးဝမြောက် ကွင်းအမှတ် (၅၄၉)၊ ချောင်းကြီးဝအရှေ့ (အိုင်ကြီး) ကွင်းအမှတ် (၅၅၀-က) ရှိမြေ (၅၄၇.၈၀) ဧကကို လက်ရောက်ရယူ၍ ယင်းမြေပေါ်တွင် ရေတံခွန်တောင်ဂေါက်ကွင်းလုပ်ငန်း၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း လက်ရှိလုပ်ကိုင်လျှက်ရှိပြီး "မန်းစည်ပင်" မှ စီမံခန့်ခွဲပိုင် ခွင့်ရှိသော မြေဖြစ်ကြောင်း တာဝန်ယူပါသည်။ "ဖွံ့ဖြိုးသစ်" သည် ဤစာချုပ် ပါလုပ်ငန်းကို လုပ်ကိုင်ရန် ငွေကြေးအင်အားပြည့်စုံသူ ဖြစ်ပါသည်။ ဤစာချုပ်ကို လက်မှတ်ရေးထိုးမည့်သူများသည် လက်မှတ်ရေးထိုးရန် အခွင့် အာဏာရှိသူ များဖြစ်ကြောင်း အာမခံကြပါသည်။

အပိုဒ် ၂ **စာချုပ်၏ ရည်ရွယ်ချက်**

၂-၀၁။ "ဖွံ့ဖြိုးသစ်" သည် "မန်းစည်ပင်" စီမံခန့်ခွဲပိုင်ခွင့်ရှိသော အပိုဒ် ၁-၀၁ ပါ မြေ (၅၄၇.၈၀) ဧကအနက်၊ လက်ရှိအသုံးပြုလျှက်ရှိသော ဂေါက်ကွင်းမြေ (၃၀၂)ဧကတွင် နောက်ဆက်တွဲ (ဂ) ဖြင့် ဖော်ပြထားသော Master Plan ပါ နိုင်ငံတကာအဆင့်မှီဂေါက်ကွင်း အသစ်ဖောက်လုပ်ခြင်း၊ Club House ဆောက်လုပ်ခြင်းလုပ်ငန်းများကိုလည်း ကောင်း၊ မြေ (၂၈) ဧကတွင် အပန်းဖြေအားကစားဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်အတွက် စုစုပေါင်းမြေ (၃၃၀) ဧကအားငှားရမ်း၍ တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်ရန်၊

၂-၀၂။ "မန်းစည်ပင်" မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကျန်မြေ (၂၁၇.၈၀) ဧကပေါ်တွင် "ဖွံ့ဖြိုးသစ်" မှ နောက်ဆက်တွဲ (ဂ) ဖြင့်ဖော်ပြထားသော Master Plan ပါ စီးပွားရေးနှင့် လူနေအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ရန်အတွက် နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် "ဖွံ့ဖြိုးသစ်" သို့ အပြီးအပိုင်လွှဲပြောင်းပေးရန်၊

အပိုဒ် ၃ **အငှားချထားမည့် ပစ္စည်းနှင့် လွှဲပြောင်းပေးရမည့် ပစ္စည်း**

၃-၀၁။ "ဖွံ့ဖြိုးသစ်" သည် နိုင်ငံတကာအဆင့်မှီဂေါက်ကွင်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ Club House ဆောက်လုပ်ခြင်းလုပ်ငန်း၊ အပန်းဖြေအားကစားဥယျာဉ်လုပ်ငန်းများကို အသစ်တည်ဆောက်ပြီး တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း စာချုပ်စနစ်ဖြင့်ဆောင်ရွက်နိုင်ရန်အတွက် "မန်းစည်ပင်" မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော အပိုဒ် ၂-၀၁ ပါ မြေ (၃၃၀) ဧကနှင့် ယင်းမြေပေါ်ရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများကို အငှားချထားပေးရမည်။

၃-၀၂။ "ဖွံ့ဖြိုးသစ်" မှ နောက်ဆက်တွဲ (ဂ) ဖြင့် ဖော်ပြထားသော Master Plan ပါ မြေနေရာများတွင် စီးပွားရေးနှင့် လူနေအဆောက်အအုံများ တည်ဆောက်ရန်အတွက် နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်အရ မြေအသုံးချမှု ပရီမီယံကြေးများ တစ်လုံးတစ်ခဲတည်း ကြိုတင်ပေးသွင်းပြီး အပိုဒ် ၂-၀၂ ပါမြေ (၂၁၇.၈၀) ဧကနှင့် ယင်းမြေပေါ်ရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အပြီးအပိုင်လွှဲပြောင်းပေးရမည်။

အပိုဒ် ၄ **ငှားရမ်းကာလနှင့် ငှားရမ်းကာလတိုးမြှင့်ခြင်း**

၄-၀၁။ "မန်းစည်ပင်" နှင့် "ဖွံ့ဖြိုးသစ်" တို့သည် အပိုဒ် ၃-၀၁ ပါ မြေ (၃၃၀) ဧကခန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုသည့်နေ့မှ နှစ်ပေါင်း (၅၀) တိုင်တိုင်

တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း စာချုပ်စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ရန် ဖြစ်ပါသည်။

၄-၀၂။ "ဖွံ့ဖြိုးသစ်" သည် ငှားရမ်းကာလ နှစ်ပေါင်း (၅၀) ကုန်ဆုံးပြီးနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ထပ်တိုးသက်တမ်းအဖြစ် တစ်ကြိမ်လျှင် (၁၀) နှစ်ဖြင့် (၂) ကြိမ်အထိ တိုးမြှင့်ဆောင်ရွက်နိုင်သည်။

အပိုဒ် ၅ လုပ်ငန်းအစီအစဉ်များ

၅-၀၁။ "မန်းစည်ပင်" သည် စီမံခန့်ခွဲပိုင်ခွင့်ရှိသော မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည် ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၈၄) ရေတံခွန်တောင်တွင် နိုင်ငံတကာ အဆင့်မီဂေါက်ကွင်း၊ Club House လုပ်ငန်း၊ စီပွားရေးနှင့် လူနေအဆောက်အအုံ များတည်ဆောက်နိုင်ရန်အတွက်နောက်ဆက်တွဲ(က)ဖြင့်ဖော်ပြထားသောအကျယ် အဝန်း(၅၄၇.၈၀)ဧက တည်နေရာမြေပုံကို အတည်ပြုပြီး "Yedagon Taung Golf Course Estate Project" အဖြစ် စီမံကိန်းဆောင်ရွက်ရန် ဖြစ်ပါသည်။

၅-၀၂။ "ဖွံ့ဖြိုးသစ်" သည် စာချုပ်အကျိုးသက်ရောက်သည့်နေ့မှစ၍ အငှားချထားသည့် မြေဧက (၃၃၀) ပေါ်တွင် နောက်ဆက်တွဲ (ဂ) ဖြင့် ဖော်ပြထားသော Master Plan ပါဗိသုကာနှင့်အင်ဂျင်နီယာဒီဇိုင်းအတိုင်း အောက်ဖော်ပြပါလုပ်ငန်းများကို နောက်ဆက်တွဲ (ခ) ဇယားပါ စီမံကိန်းတည်ဆောက်ကာလအတွင်း တည်ဆောက်ရမည် -

No	Items	Maximum no of units	Estimated Cost/Unit	
			အမေရိကန်ဒေါ်လာ	မြန်မာကျပ်ငွေ
1	Golf Course	-	14,520,833	17,425,000,000
2	Club House	-	2,323,068	2,787,681,082
3	Amusement Park	-	10,164,000	12,196,800,000

၅-၀၃။ "ဖွံ့ဖြိုးသစ်"သည်"မန်းစည်ပင်"မှ အပိုဒ် ၃-၀၂ အရ လွှဲပြောင်းရယူထားသော မြေ (၂၁၇.၈၀) ဧကပေါ်တွင် နောက်ဆက်တွဲ (ဂ) ရှိ Master Plan အတိုင်း အောက်ဖော်ပြပါ စီးပွားရေးနှင့် လူနေအဆောက်အအုံစီမံကိန်းလုပ်ငန်းများကို နောက်ဆက်တွဲ (ခ) ဇယားပါ စီမံကိန်းတည်ဆောက်ရေးကာလအတွင်း စတင် အကောင်အထည်ဖော်တည်ဆောက်ရမည် -

No	Items	Maximum no of units	Estimated Cost/Unit	
			အမေရိကန်ဒေါ်လာ	မြန်မာကျပ်ငွေ
1	3 Star Hotel	184	7,380,080	8,856,095,535
2	5 Star Hotel	234	13,858,439	16,630,127,341

3	International Hospital	300	14,425,141	17,310,168,953
4	International School	300	23,233,044	27,879,653,385
5	Shopping Center	1	26,724,283	32,069,140,123
6	Shop House	196	39,080,089	46,896,107,046
7	Semi Detached	80	12,779,169	15,335,002,835
8	1st Row Urban Residence	88	13,336,880	16,004,255,415
9	2nd Row Urban Residence	91	30,199,395	36,239,274,052
10	Urban Residence Type 3	22	7,912,942	9,495,529,827
11	Urban Residence Type 4	37	8,182,849	9,819,419,175
12	Golf Course View Building	56	20,730,954	24,877,144,232
13	Luxury Hill Building	115	51,167,716	61,401,258,645
14	Apartments	601	41,135,807	49,362,968,166
15	16-4 Unit 5 Story Building for Employees	320	18,816,096	22,579,314,923
16	Road and Landscaping	-	13,940,000	16,728,000,000
17	M & E	-	107,163,308	128,595,969,600

၅-၀၄။ "မန်းစည်ပင်" သည် "ဖွံ့ဖြိုးသစ်" ၏ ကျွမ်းကျင်ပညာရှင်များမှ ရေးဆွဲတင်ပြထားသော နောက်ဆက်တွဲ (ဂ) Master Plan ပါနိုင်ငံတကာအဆင့်မှီ ဂေါက်ကွင်း၊ Club House၊ အားကစားအပန်းဖြေဥယျာဉ်၊ စီးပွားရေးဇုံနှင့် လူနေအဆောက်အအုံတို့၏ ဗိသုကာနှင့်အင်ဂျင်နီယာဒီဇိုင်းများကိုလည်းကောင်း၊ နောက်ဆက်တွဲ (ဃ) ပါစီမံကိန်းလုပ်ငန်းများ၊ အဆောက်အအုံများနှင့် ပတ်သတ်သော ဆောက်လုပ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ် ယန္တရားများ၊ စက်ပစ္စည်းများ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၏ စာရင်းဇယားများကိုစစ်ဆေးပြီး အတည်ပြုရမည်။

၅-၀၅။ "ဖွံ့ဖြိုးသစ်" သည် "မန်းစည်ပင်" မှ အတည်ပြုထွက်ချက်ထားသည့် အပိုဒ် ၅-၀၄ ပါ စီမံကိန်းလုပ်ငန်းများ၏ ဗိသုကာနှင့် အင်ဂျင်နီယာဒီဇိုင်းများအတိုင်း တည်ဆောက်ရန်ဖြစ်ပြီး လုပ်ငန်းများအလိုက် ဗိသုကာနှင့် အင်ဂျင်နီယာဒီဇိုင်းများကို အသစ်ရေးဆွဲခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများ ပြုလုပ်လိုပါက ရက်ပေါင်း (၆၀) ကြိုတင်တင်ပြ၍ "မန်းစည်ပင်" ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ ဆောင်ရွက်ရမည်။

၅-၀၆။ "မန်းစည်ပင်" နှင့် "ဖွံ့ဖြိုးသစ်" တို့သည် စီမံကိန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ရရှိပြီး ရက်ပေါင်း (၆၀) အတွင်း နောက်ဆက်တွဲ (ခ) ပါ စီမံကိန်းလုပ်ငန်းများကို လုပ်ငန်းတစ်ခုချင်းသတ်မှတ်ထားသော နှစ်အလိုက် တည်ဆောက်ရေးကာလကို ညှိနှိုင်းသတ်မှတ်ပြီးနောက် "ဖွံ့ဖြိုးသစ်" သည် သတ်မှတ်ထားသော တည်ဆောက်ရေးကာလအတွင်း တည်ဆောက်ရမည်။

၅-၀၇။ စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် စီမံကိန်းတစ်ခုလုံး၏ တည်ဆောက်ရေးကာလကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ရရှိပြီးနောက် (၅) နှစ်အတွင်း တည်ဆောက်ရန်နှင့် ပြီးဆုံးနိုင်ခြင်းမရှိပါက "ဖွံ့ဖြိုးသစ်" သည် ရက်ပေါင်း (၆၀) ကြိုတင်၍ "မန်းစည်ပင်" သို့ တည်ဆောက်ရေးကာလကို တိုးမြှင့်ခွင့်ပြုနိုင်ရန် တင်ပြရပါမည်။

၅-၀၈။ "ဖွံ့ဖြိုးသစ်" သည် နောက်ဆက်တွဲ (ခ) ပါ လုပ်ငန်း တစ်ခုချင်းစီအလိုက် စီမံကိန်း စတင်အကောင်အထည်ဖော်ခြင်း၊ တည်ဆောက်မှုပြီးစီးခြင်း၊ စီးပွားဖြစ်လုပ်ငန်း စတင်လည်ပတ်ခြင်းတို့ကို "မန်းစည်ပင်" သို့ သတ်မှတ်အတည်ပြုနိုင်ရန် လုပ်ငန်းအလိုက်တင်ပြပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အခွန်အခကင်းလွတ်ခွင့်များ၊ သက်သာခွင့်များ ခွင့်ပြုပေးနိုင်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက် တင်ပြဆောင်ရွက်ရမည်။

၅-၀၉။ "မန်းစည်ပင်" နှင့် "ဖွံ့ဖြိုးသစ်" တို့သည် အပိုဒ် ၅-၀၂ နှင့် ၅-၀၃ တွင် ဖော်ပြထားသော စီမံကိန်းပါလုပ်ငန်းများ၏ Estimated Cost/Unit ဖြင့် ဖော်ပြထားသည့် ခန့်မှန်းကုန်ကျတန်ဖိုးဖြစ်သော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေများမှာ ပစ္စည်းတန်ဖိုး၊ လုပ်အားခ၊ သယ်ယူစရိတ်၊ ဗိသုကာနှင့် အင်ဂျင်နီယာဒီဇိုင်းများ အသစ်ရေးဆွဲခြင်း၊ မွမ်းမံပြင်ဆင်ခြင်း စသည့်အထွေထွေကိစ္စရပ်များ၏ အခြေအနေ၊ အချိန်အခါနှင့် ပြောင်းလဲကွာခြားမှုအပေါ် မူတည်၍ ခန့်မှန်းတန်ဖိုးကွာဟပြောင်းလဲမှုအား လက်ခံဆောင်ရွက်ရမည်။

အပိုဒ် ၆ မြေငှားရမ်းအသုံးချမှုအတွက် ပရီမီယံကြေး၊မြေငှားခနှင့်ဒဏ်ကြေးငွေပေးသွင်းခြင်း

၆-၀၁။ "ဖွံ့ဖြိုးသစ်" သည် "မန်းစည်ပင်" မှ အပိုဒ် ၃-၀၁ ပါ ငှားရမ်းရရှိမြေ (၃၃၀) ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီဂေါက်ကွင်း၊ Club House နှင့် အပန်းဖြေ

အားကစားဥယျာဉ် တည်ဆောက်လုပ်ငန်းအတွက် မြေအသုံးချမှု ပရီမီယံကြေးအဖြစ် ကျပ်သန်း (၁၀၀၀) (ကျပ်သန်း တစ်ထောင်တိတိ) နှင့် မြေငှားရမ်းခ ကျပ်သန်း (၁၀၀၀) (ကျပ်သန်း တစ်ထောင်တိတိ) စုစုပေါင်း ကျပ်သန်း (၂၀၀၀) (ကျပ်သန်း နှစ်ထောင်တိတိ) သတ်မှတ်၍ တစ်လုံးတစ်ခဲတည်းကြိုတင်ပေးသွင်းရန်ကိုလည်းကောင်း၊ ၎င်းအပြင် မြေငှားရမ်းခအဖြစ် နှစ်စဉ် ကျပ် (၆၅) သန်း (ကျပ် ခြောက်ဆယ့်ငါးသန်းတိတိ) ကို လည်းကောင်း ခွဲဝေပေးသွင်းရန် နှစ်ဦးနှစ်ဖက် သဘောတူညီကြပါသည်။

၆-၀၂။ "ဖွံ့ဖြိုးသစ်" သည် "မန်းစည်ပင်" မှ အပိုဒ် ၃-၀၂ ပါ မြေ (၂၁၇.၈၀) ဧကကို လွှဲပြောင်းရယူပြီး စီးပွားရေးနှင့် လူနေအဆောက်အအုံများ တည်ဆောက်ရေးအတွက် မြေအသုံးချမှု ပရီမီယံကြေးအဖြစ် ကျပ်သန်း (၁၄၀၀၀) (ကျပ်သန်း တစ်သောင်းလေးထောင်တိတိ) အဖြစ် တစ်လုံးတစ်ခဲတည်းကြိုတင်ပေးသွင်းရန် နှစ်ဦးနှစ်ဖက် သဘောတူညီကြပါသည်။

၆-၀၃။ "ဖွံ့ဖြိုးသစ်" သည် နှစ်ဦးနှစ်ဖက်သဘောတူညီထားသော အပိုဒ် ၆-၀၁ နှင့် အပိုဒ် ၆-၀၂ပါမြေအသုံးချမှုပရီမီယံကြေး ကျပ်သန်း (၁၅၀၀၀) (ကျပ်သန်း တစ်သောင်းငါးထောင်တိတိ) နှင့် မြေငှားရမ်းခ ကျပ်သန်း (၁၀၀၀) (ကျပ်သန်း တစ်ထောင်တိတိ) စုစုပေါင်း ကျပ်သန်း (၁၆၀၀၀) (ကျပ်သန်း တစ်သောင်း ခြောက်ထောင်တိတိ) အနက် ၅၀% ဖြစ်သော ကျပ်သန်း (၈၀၀၀) (ကျပ်သန်း ရှစ်ထောင်တိတိ) ကို ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ကြိုတင် ပေးသွင်းခဲ့ခြင်းအား "မန်းစည်ပင်" မှ သဘောတူလက်ခံပြီး ကျန်ငွေ ကျပ်သန်း (၈၀၀၀) (ကျပ်သန်း ရှစ်ထောင်တိတိ) အား ဤစာချုပ်စတင်အကျိုးသက်ရောက် သည့်နေ့မှရက်ပေါင်း (၆၀) အတွင်း (သို့မဟုတ်) နှစ်ဦးနှစ်ဖက်ညှိနှိုင်းချက်အရ ပေးသွင်းရမည်။

၆-၀၄။ "ဖွံ့ဖြိုးသစ်" သည် နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရ အပိုဒ် ၆-၀၁ ပါ နှစ်စဉ် မြေငှားရမ်းခ ကျပ် (၆၅) သန်း (ကျပ် ခြောက်ဆယ့်ငါးသန်းတိတိ) ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်းအချိန်မှီပေးသွင်းရမည်။

၆-၀၅။ "ဖွံ့ဖြိုးသစ်" သည် နှစ်စဉ်ပေးသွင်းရမည့် မြေငှားရမ်းခများကို သတ်မှတ်ကာလအတိုင်း အချိန်မှီပေးသွင်းခြင်းမရှိပါက တစ်ရက်လျှင် မြေငှားရမ်းခငွေ၏ ၀.၀၅ % ကို "မန်းစည်ပင်" သို့ ဒဏ်ကြေးအဖြစ် ပေးသွင်းရမည်။

အပိုဒ် ၇ "ဖွံ့ဖြိုးသစ်" ၏ တာဝန်ဝတ္တရားများ

၇-၀၁။ "ဖွံ့ဖြိုးသစ်" သည် စီမံကိန်းတစ်ခုလုံးကို Developer အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုကို ၁၀၀ % ဆောင်ရွက်ရမည်။

၇-၀၂။ "ဖွံ့ဖြိုးသစ်" သည် စီမံကိန်းပါအဆောက်အအုံများ တည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ အထောက်အကူပြု လုပ်ငန်းသုံးပစ္စည်းများ တပ်ဆင်ခြင်း တို့ကို

ဤစာချုပ်လက်မှတ်ရေးထိုးပြီးနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိသည့်နေ့ရက်မှ ရက်ပေါင်း (၆၀) အတွင်း စတင်အကောင်အထည်ဖော်၍ နောက်ဆက်တွဲ (ခ) ပါ တည်ဆောက်ရေးကာလအတိုင်း တည်ဆောက်ရမည်။ သို့ရာတွင် စီမံကိန်းပါလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှု များပြားပြီး လုပ်ငန်းကျယ်ပြန့်သည့်အားလျော်စွာ ဆောက်လုပ်မှုပြီးစီးနိုင်ခြင်း မရှိခဲ့ပါက ကျိုးကြောင်း ဆီလျော်စွာဖြင့် (၃) လ ကြိုတင်၍ "မန်းစည်ပင်" သို့ တင်ပြ၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်ရေး သက်တမ်းကာလ စုစုပေါင်း (၂၄) လ တိုးမြှင့်ရယူနိုင်သည်။

၇-၀၃။ "ဖွံ့ဖြိုးသစ်" သည် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၄ (က)(ခ)(ဂ)(ဃ)(ဇ)(ဍ)(ဎ)(ထ)(ဒ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောင်မြင်စေရန် ကြိုးပမ်းရမည်။

၇-၀၄။ "ဖွံ့ဖြိုးသစ်" အနေဖြင့် စာချုပ်ပါ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ဆောင်မှုများ အားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၇-၀၅။ "ဖွံ့ဖြိုးသစ်" သည် "မန်းစည်ပင်" သို့မဟုတ် သက်ဆိုင်သော အစိုးရအဖွဲ့အစည်းများမှ ဤစာချုပ်အရ အကျုံးဝင်သော လုပ်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အကြောင်းအားလျော်စွာ တောင်းခံလာသည့်အခါ လိုအပ်ချက်နှင့်အညီ ပြုစုတင်ပြရမည်။

၇-၀၆။ "ဖွံ့ဖြိုးသစ်" သည် "မန်းစည်ပင်" မှ သဘောတူအတည်ပြုထားသော အပိုဒ် ၅-၀၂ နှင့် ၅-၀၃ တွင် ဖော်ပြထားသည့် စီမံကိန်းလုပ်ငန်းနှင့် လုပ်ငန်းအဆောက်အအုံများ တည်ဆောက်ရာတွင်လည်းကောင်း၊ စီမံကိန်းအတွက်လိုအပ်သော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင် လည်းကောင်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သော ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ရယူဆောင်ရွက်နိုင်ပြီး ယင်းဥပဒေပုဒ်မ ၁၅ (ဂ)(ဃ)၊ ပုဒ်မ ၁၆ (က)(ခ)(ဂ)(ဃ)(င)(စ) ရှိ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်နှင့်အခွင့်အရေးများအရ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၇-၀၇။ စီမံကိန်းအဆောက်အအုံများတွင် လိုအပ်သောလျှပ်စစ်ဓာတ်အား၊ ရေပေးဝေရေးလုပ်ငန်း၊ အညစ်အကြေးစွန့်ပစ်မည့်စနစ်၊ ရေဆိုးစွန့်ပစ်စနစ်များ၊ မီးဘေးကာကွယ်ရေး စနစ်များ၊ အမှိုက်သိမ်းစနစ်များ၊ လမ်းလုပ်ငန်းများ၊ ရေမြောင်းလုပ်ငန်းများ၏ ဆောင်ရွက်ရမည့် အသေးစိတ်ပုံစံများနှင့် ပတ်ဝန်းကျင် ဧရိယာများနှင့် ဆက်စပ်ဆောင်ရွက်မည့် အခြေအနေအသေးစိတ်များအား Detail

Drawing များ၊ Profile ပုံစံများဖြင့် တင်ပြရမည်ဖြစ်ပြီး ပြီးပြည့်စုံအောင် တာဝန်ယူတည် ဆောက်ရမည်။ အညစ်အကြေးစွန့်ပစ်မည့် Drainage Systems ကို Location အလိုက်၊ Junction Point များ အလိုက် Drain ၏ X' Section၊ Bed Level များ ဖော်ပြပါရှိရမည်။ Solid Waste Disposal ဆောင်ရွက်မည့် အစီအမံများကို လည်း ထည့်သွင်းဖော်ပြရပါမည်။ ရေပေးဝေစနစ်များတွင် Pipe Laying Plan, Control Value, Hydrant Location များကို သီးခြားမြေပုံညွှန်းဖြင့် ဖော်ပြ၍ တည်ဆောက်ရမည်။

၇-၀၈။ ဂေါက်ကွင်း ပြုပြင်တည်ဆောက်ရာတွင် လိုအပ်သော ရေပေးဝေရေးလုပ်ငန်း၊ မြေယာအလှပြုပြင်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းများ၊ ဆောင်ရွက်ရမည့် အသေးစိတ်ပုံစံများအား Detail Drawing များ၊ Profile ပုံစံများဖြင့် ပြည့်စုံအောင် တာဝန်ယူ တည်ဆောက်ရမည်။

၇-၀၉။ "ဖွံ့ဖြိုးသစ်" သည် စီမံကိန်းပါတည်ဆောက်ရေးလုပ်ငန်းများ အသစ်ပြန်လည် တည်ဆောက်ရန်နှင့် တိုးချဲ့ဆောင်ရွက်ရန်လိုအပ်လျှင်သော်လည်းကောင်း၊ ပြုပြင်မွမ်းမံရန် လိုအပ်လျှင်သော်လည်းကောင်း ပေါ်ပေါက်ခဲ့ပါက ယင်းအဆောက်အအုံ ပုံစံများအတွက် "မန်းစည်ပင်" ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ရယူရမည်။

၇-၁၀။ "ဖွံ့ဖြိုးသစ်" သည် Developer ဖြစ်သည့်အားလျော်စွာ စီမံကိန်းပါလုပ်ငန်းများကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ ပိုမိုအဆင့်အတန်းမြင့်လာရေးအတွက် "မန်းစည်ပင်" ၏ သဘောတူညီချက်အရ လုပ်ငန်းကျွမ်းကျင်သော အခြားကုမ္ပဏီ တစ်ခုခုဖြင့်သော်လည်းကောင်း၊ ပြည်ပကုမ္ပဏီအဖွဲ့အစည်းများနှင့်သော်လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၇-၁၁။ အဆောက်အအုံဆောက်လုပ်ခြင်းမပြုမီ မြေစမ်းသပ်မှု (Soil Test) ကို ကျွမ်းကျင်သော ပညာရှင်များဖြင့် ဆောင်ရွက်ရမည်။ တွေ့ရှိမှုအခြေအနေကို "မန်းစည်ပင်" သို့ တင်ပြရမည်။

၇-၁၂။ Enviromental Impact Assessment (EIA)၊ Social Impact Assessment (SIA)၊ Coperate Social Responsibilities (CSR) တို့နှင့် ပတ်သတ်၍ ဆောင်ရွက်မည့်လုပ်ငန်းများအား ဤစာချုပ် လက်မှတ်ရေးထိုးပြီးသည့်နေ့မှ (၁) နှစ်အတွင်း အပြီးဆောင်ရွက်ရမည်။ ဆောင်ရွက်ပြီးစီးပါက "မန်းစည်ပင်" သို့ ရက်ပေါင်း (၆၀) အတွင်း ပြန်လည် တင်ပြရမည်။

၇-၁၃။ ဂေါက်ကွင်းတည်ဆောက်နေစဉ်ကာလအတွင်း လက်ရှိကစားနေသောကွင်း (၃) ကွင်းအနက် (၂) ကွင်းကို လက်ရှိ Green Fees အတိုင်းဆက်လက်ကစားနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်သွားရမည်။

၇-၁၄။ ဂေါက်ကွင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကယ်ဒီများနှင့်ဝန်ထမ်းများ နေထိုင်နိုင်ရန် တိုက်ခန်း (သို့) နေအိမ်များကို အခြားနေရာတခုခု၌ စီစဉ်ပေးရမည်။

၇-၁၅။ "ဖွံ့ဖြိုးသစ်" သည် သက်ဆိုင်ရာဥပဒေနှင့်အညီ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုသာရရှိနိုင်ပြီး မြေခွန်များနှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

အပိုဒ် ၈ "မန်းစည်ပင်" ၏ တာဝန်များ

၈-၀၁။ "မန်းစည်ပင်" သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရထံမှ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

၈-၀၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အခွန်သက်သာခွင့်နှင့် ကင်းလွတ်ခွင့်များနှင့် တည်ဆဲဥပဒေအရ အခြားအခွန်သက်သာခွင့်များ လျှောက်ထားရာ၌ ကူညီဆောင်ရွက်ပေးရမည်။

၈-၀၃။ လိုအပ်သော ခွင့်ပြုချက်များ၊ မှတ်ပုံတင်မှုများ၊ လိုင်စင်များကို သက်ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများထံမှ ရယူရာတွင် ကူညီဆောင်ရွက်ပေးရမည်။

၈-၀၄။ "ဖွံ့ဖြိုးသစ်" ၏ တည်ဆောက်ရေး လုပ်ငန်းများအတွက် လမ်းတံတား၊ ရေနှင့် လျှပ်စစ် Transformer ၊ Telephone များရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

၈-၀၅။ "ဖွံ့ဖြိုးသစ်" သည် မန္တလေးမြို့၏ ဖွံ့ဖြိုးစည်ပင် တိုးတက်မှုအတွက် ဆောင်ရွက်သည့် (Developer) ဖြစ်ရာ ဤစီမံကိန်း လုပ်ငန်းများအား အနှောင့်အယှက် ဖျက်ဆီးမှုများနှင့် ကျူးကျော်ဝင်ရောက်မှုများရှိပါက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရမည်။

၈-၀၆။ "မန်းစည်ပင်" သည် ရေတံခွန်တောင်ဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း အသစ်တည်ဆောက်ခြင်းလုပ်ငန်း၊ စီးပွားရေးနှင့် လူနေအဆောက်အအုံများနှင့် စီမံကိန်းအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း များကို အောင်မြင် ထိရောက်စွာ ဆောက်လုပ်နိုင်ရန် "ဖွံ့ဖြိုးသစ်" အား အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးရမည်။

၈-၀၇။ "မန်းစည်ပင်"သည်"ဖွံ့ဖြိုးသစ်" ကုမ္ပဏီမှစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် နောက်ဆက်တွဲ (က) ဖြင့်ဖော်ပြထားသော မြေ (၅၄၇.၈၀) ဧကနှင့် ယင်းမြေပေါ်ရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် အဆောက်အအုံများ၊ လုပ်ငန်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို "ဖွံ့ဖြိုးသစ်" သို့ အဖိုးစားနားမပါဘဲ လွှဲပြောင်းပေးအပ်ပြီးနောက် စီမံခန့်ခွဲခွင့် ပေးရမည်။

၈-၀၈။ "မန်းစည်ပင်" သည် မန္တလေး-ပြင်ဦးလွင် ကားလမ်းနှင့် သိပ္ပံလမ်းဆုံမှ ရေတံခွန်တောင်ဂေါက်ကွင်းအထိ နောက်ဆက်တွဲ (ဂ) ရှိ Master Plan ၌ဖော်ပြထားသော လမ်းကြောင်းပြမြေပုံအတိုင်း ဖောက်လုပ်မည့် (၄) မိုင်ကျော်အရှည်၊ အကျယ်ပေ

(၁၀၀)ခန့်ရှိ (၆)လမ်းသွား နိုင်လွန်ကတ္တရာလမ်းဖောက်လုပ်ခြင်းနှင့် ဆည်တော်ကြီးမြောင်းကျော်တံတား တည်ဆောက်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော အကူအညီများ ဆောင်ရွက်ပေးရမည်။

၈-၀၉။ "မန်းစည်ပင်" သည် စီမံကိန်းအတွက် လိုအပ်သော သောက်သုံးရေဖူလုံစွာရရှိရန် အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာအနီး ဧရာဝတီမြစ်မှ ရေတံခွန်တောင် ဂေါက်ကွင်းအထိ Water Supply လုပ်ငန်းအတွက် လိုအပ်သော အကူအညီများ ဆောင်ရွက်ပေးရမည်။

၈-၁၀။ "မန်းစည်ပင်" သည် "ဖွံ့ဖြိုးသစ်" မှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တာဝန်ယူတည်ဆောက်ထားသော ဤစာချုပ်အပိုဒ် ၅-၀၃ ပါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ကိုင်ရန်နှင့် လူနေထိုင်နိုင်ရန် ခိုင်မာသည့်အထောက်အထား စီစဉ်ပေးရမည်။

အပိုဒ် ၉ စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် စာချုပ်သက်တမ်း

၉-၀၁။ ဤစာချုပ်သည် အသိသက်သေများရှေ့တွင် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက် အပိုဒ် ၁၅-၀၁ တွင် ဖော်ပြထားချက်နှင့်အညီ စတင်အကျိုးသက်ရောက်မှု ရှိစေရမည်။

၉-၀၂။ စာချုပ်သက်တမ်းမှာ စာချုပ်သက်တမ်း စတင်အကျိုးသက်ရောက်သည့်နေ့မှစ၍ ငှားရမ်းကာလ နှစ်ပေါင်း (၅၀) ဖြစ်ပြီး ယင်းကာလကုန်ဆုံးပြီးနောက် ထပ်တိုးသက်တမ်းအဖြစ် တစ်ကြိမ်လျှင် (၁၀) နှစ်ဖြင့် (၂) ကြိမ် သက်တမ်းတိုးမြှင့်နိုင်သည်။

အပိုဒ် ၁၀ ဂေါက်ကွင်း ဝန်ထမ်းများနှင့် နိုင်ငံခြားပညာရှင်များ ခန့်ထားရေး

၁၀-၀၁။ "ဖွံ့ဖြိုးသစ်" က လိုအပ်သော လက်ရှိဂေါက်ကွင်းဝန်ထမ်းများကို တည်ဆဲဥပဒေများနှင့်အညီ ခန့်ထားပြီး ၎င်းတို့၏လစာများ၊ အခကြေးငွေများ၊ ခရီးစရိတ်များ၊ အခွင့်အရေးများကိုလည်း သက်ဆိုင်ရာ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုသွားရမည်။

၁၀-၀၂။ "ဖွံ့ဖြိုးသစ်" သည် ကျွမ်းကျင်နိုင်ငံခြားဝန်ထမ်းများကို ခန့်ထားရာတွင် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက် ကြိုတင်ရယူရမည်။

၁၀-၀၃။ နိုင်ငံခြားသား ဝန်ထမ်းများကို ခန့်ထားပါက နိုင်ငံခြားသားဝန်ထမ်းများနှင့် ယင်းတို့၏ မိသားစုများ မြန်မာနိုင်ငံ၌ နေထိုင်စဉ် မြန်မာနိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် "ဖွံ့ဖြိုးသစ်" က တာဝန်ယူရမည်။

အပိုဒ် ၁၁ အာမခံထားရှိခြင်း

၁၁-၀၁။ မြန်မာ့အာမခံဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ အားလုံးသော လိုအပ်သည့် အာမခံစနစ်အမျိုးမျိုးကို မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားသင့်လျော်သည့် အာမခံလုပ်ငန်းတွင် ထားရှိရမည်။

အပိုဒ် ၁၂ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၁၂-၀၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀ တွင် ဖော်ပြ ပြဋ္ဌာန်းထားသော အခွန်ကင်းလွတ်ခွင့်နှင့် အခြားသက်သာခွင့်များကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခံစားခွင့်ရှိစေရမည်။

အပိုဒ် ၁၃ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

၁၃-၀၁။ "ဖွံ့ဖြိုးသစ်" သည် ရေတံခွန်တောင်ဝေါက်ကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစီမံကိန်း၊ စီမံကိန်းပါလုပ်ငန်းများနှင့် အဆောက်အအုံများတွင်လည်းကောင်း၊ ယင်းတို့၏ ပတ်ဝန်းကျင်တွင်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် တာဝန်ရှိရမည်။ ၎င်းသည် ရေ၊ မြေ၊ လေ ညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်မသန့်ရှင်းမှုများကို မဖြစ်ပေါ်စေရန် ထိန်းသိမ်းနိုင်ရမည်။ "ဖွံ့ဖြိုးသစ်" သည် သဘာဝပတ်ဝန်းကျင်ကာကွယ်မှုရှိစေရန် အစီအမံများနှင့် မိမိ၏လုပ်ငန်းဝန်းကျင် သာယာစိုပြေနှစ်လိုဖွယ်ရာရှိစေသော လုပ်ငန်းစဉ်များကို ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေအပါအဝင် တည်ဆဲဥပဒေများ နှင့်အညီ လုပ်ဆောင်ရမည်။

အပိုဒ် ၁၄ စာချုပ်ရပ်စဲခြင်း

၁၄-၀၁။ အောက်ဖော်ပြပါ အခြေအနေအဖြစ်အပျက်များ ပေါ်ပေါက်သည့်အခါတွင် စာချုပ်ရပ်စဲနိုင်သည် -

(က) စာချုပ်ဝင်နှစ်ဦးနှစ်ဖက်က စာချုပ်ရပ်စဲရန်သဘောတူပြီး မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (ကော်မရှင်) သို့ စာဖြင့်တင်ပြလျှက် ယင်းကော်မရှင်ကလည်း သဘောတူခွင့်ပြုသည့်အခါ၊

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်က ဤစာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်အခါ၊

(ဂ) "ဖွံ့ဖြိုးသစ်" သည် လူမွဲအဖြစ်ခံယူသည့်အခါ၊

(ဃ) ဤတည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း စာချုပ်သက်တမ်းကုန်ဆုံးသည့် အခါ ၊

(င) မလွန်ဆန်နိုင်သောဖြစ်ရပ်တစ်ဆက်တည်း (၆) လထက်ကျော်လွန်ဖြစ်ပွားပြီး စီမံကိန်းအကောင်အထည်မဖော်နိုင်သည့် အခြေအနေရောက်သည့် အခါ ။

အပိုဒ် ၁၅ **ကြိုတင်စည်းကမ်းသတ်မှတ်ချက်**

၁၅-၀၁။ ဤသဘောတူစာချုပ်ပါစည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သက်ဆိုင်ရာလွှတ်တော်၊ အစိုးရ၊ အာဏာပိုင်အဖွဲ့အစည်းများထံမှ ရယူရန်လိုအပ်သောသဘောတူညီချက်နှင့်ခွင့်ပြုမိန့်များရရှိပြီးမှသာအတည်ဖြစ်၍ အကျိုးသက်ရောက်စေပြီး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရန် သတ်မှတ်ပါသည်။

အပိုဒ် ၁၆ **မြေနှင့် နိုင်ငံတကာအဆင့်မှီဂေါက်ကွင်း၊ Club House ၊ Amusement Park လုပ်ငန်းနှင့် အဆောက်အအုံများ လွှဲပြောင်းပေးခြင်း**

၁၆-၀၁။ "ဖွံ့ဖြိုးသစ်" ကုမ္ပဏီသည် အပိုဒ် ၄ နှင့် အပိုဒ် ၉-၀၂ ပါ စာချုပ်သက်တမ်းပြည့်မြောက်သည့်နေ့မှစ၍ ရက်ပေါင်း (၆၀) အတွင်း အပိုဒ် ၃-၀၁ တွင် ဖော်ပြထားသောငှားရမ်းမြေနှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသော နိုင်ငံတကာအဆင့်မှီဂေါက်ကွင်းနှင့် ဂေါက်ကွင်းလုပ်ငန်း၊ Club House နှင့် လုပ်ငန်းသုံးပစ္စည်းများကို ကောင်းမွန်စွာပုံမှန်အသုံးပြုနိုင်သည့်အခြေအနေအတိုင်း အဖိုးစားနားမပါဘဲ "ဖွံ့ဖြိုးသစ်" မှ "မန်းစည်ပင်" သို့ လွှဲပြောင်းပေးရမည်။

အပိုဒ် ၁၇ **မလွန်ဆန်နိုင်သော ဖြစ်ရပ်များ**

၁၇-၀၁။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျှောက်ကြုံတွေ့နိုင်သည့်ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး၊ ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့လျှင် စာချုပ်ဝင်များ၏နစ်နာမှုအတွက် မည်သူ့အပေါ်မျှ တာဝန်မရှိစေရ။

၁၇-၀၂။ ထိုသို့မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာပါက၊ ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့်အချိန်မှ (၁) လအတွင်း "ဖွံ့ဖြိုးသစ်" သည် "မန်းစည်ပင်" သို့ ချက်ချင်းစာဖြင့်ရေးသားအကြောင်းကြားရမည်။ "မန်းစည်ပင်" က လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး၊ စာချုပ်ပါတည်ဆောက်ရေးကာလ၊ အငှားချထားမှုကာလနှင့် တိုက်ရိုက်သက်ဆိုင်သော ပြတ်တောက်ကာလ အပိုင်းအခြားအတွက် သက်သာခွင့်ပြုနိုင်သည်။

၁၇-၀၃။ ထိုမလွန်ဆန်နိုင်သည့်ဖြစ်ရပ်ကို ဖယ်ရှားပြီးသည်နှင့်တစ်ပြိုင်နက် ထိခိုက်နစ်နာသော စာချုပ်ဝင်သည် တာဝန်သိတတ်မှုဖြင့် အမြန်ဆုံးနှင့် အထိရောက်ဆုံး လုပ်ငန်းဆောင်ရွက်ရမည်။

အပိုဒ် ၁၈ နစ်နာဆုံးရှုံးမှုများအတွက် တာဝန်ယူဖြေရှင်းခြင်း

၁၈-၀၁။ "ဖွံ့ဖြိုးသစ်" သည် ဤစာချုပ် အပိုဒ် ၄ နှင့် ၉-၀၂ ပါစာချုပ်သက်တမ်းမကုန်ဆုံးမီ ဤစာချုပ်အပိုဒ် ၁၄-၀၁၊ ၁၅-၀၁ နှင့် ၁၇-၀၁ တွင် ဖော်ပြထားသောအကြောင်းများကြောင့် စာချုပ်ရပ်စဲခြင်း၊ ဆိုင်းငံ့ခြင်း၊ ဖျက်သိမ်းခြင်းခံရပါက စီမံကိန်းနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးမှုများအတွက် "မန်းစည်ပင်" နှင့် "ဖွံ့ဖြိုးသစ်" တို့ ညှိနှိုင်းစာရင်းရှင်းလင်းပြီး "မန်းစည်ပင်" က ယင်းနစ်နာဆုံးရှုံးမှုအား တာဝန်ယူဖြေရှင်းပေးရမည်။

အပိုဒ် ၁၉ စာချုပ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

၁၉-၀၁။ ဤစာချုပ်အား စာချုပ်ဝင်နှစ်ဖက်၏ စာဖြင့်သဘောတူညီမှုမပါဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝမပြုလုပ်ရ။ စာချုပ်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများသည် စာချုပ်ဝင် နှစ်ဦးနှစ်ဖက် စာဖြင့်လက်မှတ်ရေးထိုးခြင်းဖြင့်သာ ပြုလုပ်နိုင်သည်။ ယင်းပြင်ဆင်ဖြည့်စွက်ချက်များကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မှတ်တမ်းတင်နိုင်ရန် ပေးပို့ဆောင်ရွက်ရမည်။

အပိုဒ် ၂၀ စာချုပ်အား ပြန်လည်စေ့စပ်ညှိနှိုင်းခြင်း

၂၀-၀၁။ ဤစာချုပ် အပိုဒ် ၃-၀၂ တွင်ပါရှိသည့် သဘောတူညီချက်များ၊ စည်းကမ်းချက်များသည် B.O.O စနစ်သဘော သက်ရောက်ပါဝင်သဖြင့် စာချုပ်ထပ်မံချုပ်ဆိုရန် လိုအပ်သည့်အခါ သို့တည်းမဟုတ် ကြိုတင်မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ရပ်ကြောင့် လုပ်ငန်းများအမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ရန်မဖြစ်နိုင်သည့်အခါ စာချုပ်ဝင်ပုဂ္ဂိုလ်များသည် နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် စာချုပ် ပါစည်းကမ်းချက်များကို ပြန်လည်ညှိနှိုင်းဆောင်ရွက်ရမည်။

အပိုဒ် ၂၁ သဘာဝသယံဇာတပစ္စည်းတွေ့ရှိခြင်း

၂၁-၀၁။ ဤသဘောတူစာချုပ်၏ စာချုပ်သက်တမ်းကာလအတွင်း အငှားချထားသည့် မြေနှင့် ဂေါက်ကွင်း၏ မြေပေါ်မြေအောက်မှ မမျှော်လင့်ဘဲ ဓာတ်သတ္တုအရင်းအမြစ်များ၊ ကျောက်မျက်ရတနာများနှင့် သဘာဝသယံဇာတများ၊ ရှေးဟောင်းပစ္စည်းများ အစရှိသည်တို့ကို တွေ့ရှိလျှင် "ဖွံ့ဖြိုးသစ်" သည် "မန်းစည်ပင်" သို့ ချက်ချင်းအကြောင်းကြားရမည်။ "မန်းစည်ပင်" က သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားတင်ပြပေးရမည်။ အဆိုပါ ပစ္စည်းများကို "မန်းစည်ပင်" နှင့်

သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများက မည်သည့်အချိန်၌မဆို လွတ်လပ်စွာ တူးဖော်ခွင့်ရှိစေရမည်။

အပိုဒ် ၂၂ အငြင်းပွားမှု ဖြေရှင်းခြင်း

၂၂-၀၁။ "ဖွံ့ဖြိုးသစ်" နှင့် "မန်းစည်ပင်" တို့အကြား ချုပ်ဆိုထားသောစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ရှေးဦးစွာ နှစ်ဦးနှစ်ဖက်အကြား ကောင်းမွန်မျှတသော ပြေလည်မှုရရှိရေးအတွက် ညှိနှိုင်းခြင်းဖြင့် ပြေလည်အောင် ဆောင်ရွက် ကြရမည်။

၂၂-၀၂။ နှစ်ဦးနှစ်ဖက်အကြားအငြင်းပွားမှုကို မဖြေရှင်းနိုင်ပါက ထိုအငြင်းပွားမှုကို ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်-၅) ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံ မန္တလေးမြို့တွင် ဖြေရှင်းရမည်။

အပိုဒ် ၂၃ စာပေးစာယူပြုရန် လိပ်စာများ

၂၃-၀၁။ "မန်းစည်ပင်" နှင့် "ဖွံ့ဖြိုးသစ်" တို့အကြား စာဆက်သွယ်ခြင်း၊ အကြောင်းကြားစာပေးပို့ခြင်းများကို အောက်ပါလိပ်စာများသို့ လိပ်မူရမည်။

(၁) "မန်းစည်ပင်"	(၂) "ဖွံ့ဖြိုးသစ်"
ဥက္ကဋ္ဌ **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** **မန္တလေးမြို့။**	**အုပ်ချုပ်မှုဒါရိုက်တာ** **ဖွံ့ဖြိုးသစ် ကုမ္ပဏီလီမိတက်** **အမှတ် ခ - ၄၀၁၊ ဗားဂရာလမ်း၊** **စမ်းချောင်း၊ ရန်ကုန်မြို့။**

အပိုဒ် ၂၄ လိုက်နာဆောင်ရွက်ရမည့်ဥပဒေ

၂၄-၀၁။ နှစ်ဖက်သောစာချုပ်ဝင်များသည် ၎င်းတို့၏တာဝန်များ၊ သဘောတူညီချက်များနှင့် သတ်မှတ်ချက်များကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် တည်ဆဲဥပဒေများ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်။

အပိုဒ် ၂၅ အထွေထွေ

၂၅-၀၁။ ဤသဘောတူစာချုပ်များ၌ နှစ်ဖက်ညှိနှိုင်းချက်အရ ထပ်မံချုပ်ဆိုမည့် သဘောတူစာချုပ်များ ပူးတွဲပါရှိသော နောက်ဆက်တွဲပုံစံများ၊ မြေပုံများ၊ စာရင်းများ အားလုံးသည် ဤစာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်စေရမည်။

၂၅-၀၂။ ဤစာချုပ်ပါ သဘောတူညီချက်၊ စည်းကမ်းချက်၊ အချက်အလက်များနှင့် ဆန့်ကျင်သည့် ယခင်နားလည်မှုစာချွန်လွှာများ၊ အချင်းချင်းသဘောတူညီချက်များ၊ စည်းကမ်းချက်များ အားလုံးကိုလွှမ်းမိုးသည်။

၂၅-၀၃။ အထက်ပါအချက်အလက်များကို နားလည်သဘောပေါက်သိရှိသည့်အတိုင်း နှစ်ဦးနှစ်ဖက်သက်ဆိုင်သူများသည် အောက်တွင် မိမိ၏ လက်မှတ် နှင့် တံဆိပ်များကို အထက်ဖော်ပြရေးသားထားသည့် ၃၁ ရက်၊ ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်တွင် သဘောတူကြောင်း လက်မှတ်ရေးထိုးရိုက်နှိပ်ကြပါသည်။

မန်းစည်ပင် (ကိုယ်စား)	ဖွံ့ဖြိုးသစ် (ကိုယ်စား)
ဦးသက်နိုင်ထွန်း	ဦးမောင်မောင်
တွဲဖက်အတွင်းရေးမှူး	အုပ်ချုပ်မှုဒါရိုက်တာ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ	ဖွံ့ဖြိုးသစ် ကုမ္ပဏီလီမိတက်

အသိသက်သေများ

(၁)

လက်မှတ် ....

အမည် ....

ရာထူး ....

လိပ်စာ ....

....

(၂)

လက်မှတ် ....


အမည် ....

ရာထူး ....

လိပ်စာ ....

....

နောက်ဆက်တွဲ (က)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
ရေတံခွန်တောင်ဂေါက်ကွင်း
၉၁ ဧက
စိုက်မွေးနှင့်ဂေါက်ကွင်း စုစုပေါင်း ဧရိယာ ၁၄၇. ၈၀ ဧက
စိုက်မွေးခြံ ဧရိယာ
ဂေါက်ကွင်း ကျင်း(၁)မှ(၁၈)ထိ ဧရိယာ
ဂေါက်ကွင်း ကျင်း(၁၉)မှ(၂၇)ထိ ဧရိယာ ၉၁ ဧက
မြေပုံအညွှန်း

နောက်ဆက်တွဲ (ခ)

ဖွံ့ဖြိုးသစ် ကုမ္ပဏီမှ ရေတံခွန်တောင်ဂေါက်ကွင်းစီမံကိန်း တည်ဆောက်မည့် အစီအစဉ်နှင့် လုပ်ငန်းများ

ဆောက်လုပ်မည့် အစီအစဉ်	အသစ်တည်ဆောက်မည့် လုပ်ငန်းများ	လုပ်ငန်းစတင်မည့်နေ့	ပြီးဆုံးမည့်ကာလ	မှတ်ချက်
အဆင့် (၁) Year (1)	ဂေါက်ကွင်းစတုတ္ထကော်နာ၊ Amusement Park နှင့် Club House	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့	စတင်သည့်နေ့မှ (၁) နှစ်အတွင်း	
အဆင့် (၂) Year (2)	ဂေါက်ကွင်းတတိယကော်နာ၊ Amusement Park၊ 3 & 5 Star Hotels နှင့် Commercial Zone	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့မှ (၁) နှစ်ပြည့်မြောက်သည့်နေ့	စတင်သည့်နေ့မှ (၂) နှစ်အတွင်း	
အဆင့် (၃) Year (3)	ဂေါက်ကွင်းဒုတိယကော်နာ၊ 3 & 5 Star Hotels၊ Commercial Zone ၊ Shop House နှင့် International School and Hospital	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့မှ (၂) နှစ်ပြည့်မြောက်သည့်နေ့	စတင်သည့်နေ့မှ (၃) နှစ်အတွင်း	
အဆင့် (၄) Year (4)	ဂေါက်ကွင်းပထမကော်နာ၊ Semi Detached၊ 1st Row & 2nd Row Urban Residences၊ Urban Residences Type 3 & Type 4၊ Golf Course View နှင့် Luxury Hill Buildings	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့မှ (၃) နှစ်ပြည့်မြောက်သည့်နေ့	စတင်သည့်နေ့မှ (၄) နှစ်အတွင်း	
အဆင့် (၅) Year (5)	Apartments၊ 16-4 Unit 5 Story Building for Employees နှင့် တည်ဆောက်ပြီးလုပ်ငန်း များ အပြီးသတ်စစ်ဆေးခြင်း၊	စာချုပ်စတင် အကျိုးသက်ရောက်သည့်နေ့မှ (၄) နှစ်ပြည့်မြောက်သည့်နေ့	စတင်သည့်နေ့မှ (၅) နှစ်အတွင်း	

မှတ်ချက်။ စီမံကိန်းစတင်သည့်နေ့မှ တည်ဆောက်ရေးကာလအတွင်း Road and Landscaping၊ Water Supply နှင့် M&E လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ပါဝင်တည်ဆောက်သွားမည် ဖြစ်ပါသည်။

မူရင်းစာချုပ်၏ မူရင်းခွဲ (သို့) မူရင်းမိတ္တူဖြစ်ကြောင်း သက်သေခံချက်

ဤစာချုပ်သည် မြန်မာနိုင်ငံတံဆိပ်ခေါင်းဥပဒေဇယားတွင်ပါရှိသော အမှတ်စဉ် (၃၅) အပိုဒ်ခွဲ (၅) အရ B.O.T သဘောတူ စာချုပ်စာတမ်းအမျိုးအစားဖြစ်၍ တံဆိပ်ခေါင်းခွန် ကျပ်သိန်း ၉၆၀ (ကျပ်သိန်း ကိုးရာ့ ခြောက်ဆယ်တိတိ) နှင့် ဒဏ်ငွေ (-) ထိုက်သင့်သော စာချုပ်စာတမ်း အမျိုးအစားဖြစ်ပါသည်။ မူရင်း စာချုပ်တွင် ထိုက်သင့်သော တံဆိပ်ခေါင်းခွန် ကျပ် သိန်း ၉၆၀ (ကျပ်သိန်း ကိုးရာ့ ခြောက်ဆယ်တိတိ) နှင့် ဒဏ်ငွေ (-) အား အောင်မြေသာဇံမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၊ မန္တလေးမြို့တွင် ပေးဆောင်ပြီး ကြောင်း တွေ့ရှိရပြီး မူရင်းစာချုပ်နှင့် တိုက်ဆိုင်စစ်ဆေးရာတွင် မှန်ကန်မှုရှိကြောင်း စီစစ်တွေ့ရှိရပါသည်။

ယခု မူရင်းခွဲ (သို့) မူရင်းမိတ္တူအဖြစ် ပြုလုပ်သောစာချုပ်တွင်လည်း ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် ကျပ် (၁၀၀/-) (ကျပ် တစ်ရာ တိတိ) အား (၁၈.၂.၂၀၁၆) ရက်နေ့တွင် ပေးဆောင်ပြီးဖြစ်သဖြင့် အထက်ပါ မူရင်းစာချုပ်၏ မူရင်းခွဲ (သို့) မူရင်းမိတ္တူဖြစ်ကြောင်း သက်သေ ခံပါသည်။

လက်မှတ် ....

အမည် ....(ခင်နိုင်)........

ရာထူး မြို့နယ်အခွန်ဦးစီးဌာနမှူး


မြို့နယ် အောင်မြေသာစံမြို့နယ်



1
2
3
4
6
7
8
9
10
11
12
13
14
15
16
Shopping Center
Amusement
School
3 Star Hotel
5 Star Hotel
Low rise Apartment
Semi-detached Residence
Residence
Residence
Urban Residence Type 4 (6.2 acres)

MASTER PLAN

Block Classification	Total Area	Total Plot	1 plot Area
Shopping Center	8.9 acres	1 plot	8.9 acres
Amusement Park	28.5 acres	1 plot	28.5 acres
School	6.2 acres	1 plot	6.2 acres
4 3 Star Hotel	2.4 acres	1 plot	2.4 acres
Low rise Apartment	15.8 acres	4 plots	3.6, 3.4, 5.7, 3.1 acres
Semi-detached Residence	7.1 acres	80 plots	0.083 acres(3600 sqft)
1st Row Residence	7.8 acres	88 plots	0.083 acres(3600 sqft)
10 2nd Row Residence	12.4 acres	91 plots	0.110 acres(4800 sqft)
11 Urban Residence Type 3	5.6 acres	22 plots	0.184 acres(8000 sqft)
12 Urban Residence Type 4	6.2 acres	37 plots	0.147 acres(6400 sqft)
Shop House	8.4 acres	196 plots	0.025 acres(1080 sqft)



Block Classification	Total Area	Total Plot	1plot Area
5 5 Star Hotel	5.1 acres	1 plot	5.1 acres
International Hospital	6.5 acres	1 plot	6.5 acres
Golf Course View Residence	14.5 acres	56 plots	0.23 acres(10000 sqft)
Luxury Hill Residence	42.5 acres	115 plots	0.32 acres(14000 sqft)
Golf Course	301.3 acres		



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၉ - ၃၈ /နပတ(၇ ၃၈)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်

အကြောင်းအရာ။ **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုမည့် ရေတံခွန်တောင်အား အဆင့်မြင့်ဂေါက်ကွင်းတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းတည်ဆောက်ရေးပဏာမသဘောတူစာချုပ်(MOU)(မူကြမ်း)အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက်။ (၁) မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ၃-၇-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၉(၂) ၁/၁ (၀၅၉)

(၂) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၏ ၂၂-၆-၂၀၁၅ ရက်စွဲပါစာအမှတ်၊ (၀၀၄)/ အကြံပေး (၂၀၁၅)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (မန္တလေးမြို့တော်စည်ပင်)နှင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်တို့အကြား ပုသိမ်ကြီးမြို့နယ်၊ ရေတံခွန်တောင်ဒေသရှိ ရေတံခွန်တောင်အား အဆင့်မြင့်ဂေါက်ကွင်းတိုးချဲ့တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်ရန်အတွက် ချုပ်ဆိုမည့် တည်ဆောက်ရေးပဏာမ သဘောတူစာချုပ်(MOU)(မူကြမ်း) အပေါ် ဥပဒေအကြံပြုချက်ပေးနိုင်ပါရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့လာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်(၁)ပါစာဖြင့် ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ ရည်ညွှန်းချက်(၂)ပါစာဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်သို့ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြလာသဖြင့် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက ဤရုံးသို့ ရည်ညွှန်းချက်(၁)ပါစာဖြင့် ဆက်လက်တင်ပြလာခြင်းဖြစ်ပါသည်။

၃။ ရည်ညွှန်းချက်(၁)ပါစာဖြင့် ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)အား လေ့လာစိစစ်ရာ စာချုပ်(မူကြမ်း)၏ မျက်နှာဖုံးစာမျက်နှာနှင့် ခေါင်းစဉ်တို့တွင် "ပဏာမ သဘောတူစာချုပ် (MOU)" ဟုဖော်ပြထားသော်လည်း စည်းကမ်းချက်များကို BOT စာချုပ်ကဲ့သို့ ပြုစုထားကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ နားလည်မှုစာချွန်လွှာ Memorandum of Understanding (MOU) အဖြစ် ချုပ်ဆိုလိုခြင်းဟုတ် မဟုတ် ရှင်းလင်းမှုမရှိသဖြင့် ၉-၇-၂၀၁၃ ရက်နေ့၌ ဌာနသို့ ဆက်သွယ်မေးမြန်းခဲ့ပါသည်။

၄။ ထိုသို့မေးမြန်းခဲ့ရာ ဌာနမှ တာဝန်ရှိသူက MOU အဖြစ် ချုပ်ဆိုလိုခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုသို့ပြောကြားသဖြင့် ရည်ညွှန်းချက်(၁)ပါစာဖြင့် ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)အား MOU ကဲ့သို့ပြင်ဆင်ပြုစုပေးပါရန် ဤရုံးမှ ပြောကြားခဲ့ရာ ၁၃-၇-၂၀၁၃ ရက်နေ့တွင် ပြန်လည်ပြုစုထားသော MOU (မူကြမ်း)အား ပေးပို့လာပါသည်။

၅။ သို့ပါ၍ ၁၃-၇-၂၀၁၃ ရက်နေ့တွင် ပြန်လည်ပြုစုထားသော MOU (မူကြမ်း)အား ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည် -

(က) MOU (မူကြမ်း) အပိုဒ် ၅ ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်၏ တာဝန်များ၊ အပိုဒ်ခွဲ ၅-၀၂ ၌ အဆောက်အဦနှင့် အသေးစိတ်ပုံစံ၊ စံချိန်စံညွှန်းများနှင့် အသေးစိတ်တွက်ချက်မှုများကို MOU ချုပ်ဆိုပြီးနောက် ၆ လအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ တင်ပြရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့သော် အပိုဒ် ၁၄ အထွေထွေ၊ အပိုဒ်ခွဲ ၁၄-၀၃ ၌ ဤ MOU ၏ သက်တမ်းသည် MOU အကျိုးသက်ရောက်သည့်နေ့မှ (၃၁-၁၂-၂၀၁၇) ရက်နေ့အထိဖြစ်ပါသည်ဟု ဖော်ပြထားပြီး အပိုဒ်ခွဲ ၁၄-၀၄ ၌ ဤ MOU သည် ---------- အဆောက်အဦနှင့် အသေးစိတ်ပုံစံ၊ စံချိန်စံညွှန်းများနှင့် အသေးစိတ် တွက်ချက်မှုများပြုလုပ်ရန်အတွက် ခွင့်ပြုခြင်းသက်သက်သာဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ MOU အဆင့်သာဖြစ်သောကြောင့် MOU ၏သက်တမ်းအား MOU အကျိုးသက်ရောက်

သည့်နေ့မှ (၃၁-၁၂-၂၀၁၇) ရက်နေ့အထိဖြစ်ပါသည်ဟု ဖော်ပြမည့်အစား အဆိုပါအချိန်ကာလထက်လျော့နည်းသော သင့်တော်သည့်အချိန်ကာလ တစ်ခုအား သတ်မှတ်ဖော်ပြသင့်သည်ဟု သဘောရရှိပါသည်၊

(ခ) MOU (မူကြမ်း) အပိုဒ် ၆ မန္တလေးမြို့တော်စည်ပင်၏တာဝန်များ၌ မန္တလေးမြို့တော်စည်ပင်က တာဝန်ယူဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ ကူညီပေးရမည့်ကိစ္စရပ်များ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရမည့် ကိစ္စရပ်များကိုဖော်ပြထားရာ မန္တလေးမြို့တော်စည်ပင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သင့်ပါသည်၊

(ဂ) MOU (မူကြမ်း) အပိုဒ် ၈ အငြင်းပွားမှုဖြေရှင်းခြင်း၌ အငြင်းပွားမှုအား နှစ်ဦးနှစ်ဖက်ပြေလည်စွာညှိနှိုင်းဖြေရှင်းရမည်ဖြစ်ကြောင်း၊ ထိုသို့ဖြေရှင်းမရပါ က ၁၉၄၄ ခုနှစ် မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေဖြင့် ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ MOU (မူကြမ်း) အဆင့်သာဖြစ်သောကြောင့် ၁၉၄၄ ခုနှစ် မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေဖြင့် ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည့် စည်းကမ်းချက်များအား မင်နီဖြင့် ပယ်ဖျက်ပေးလိုက်ပါသည်၊

(ဃ) MOU (မူကြမ်း) အပိုဒ် ၁၀ ၌ မလွန်ဆန်နိုင်သောဖြစ်ရပ်များနှင့်စပ်လျဉ်းသောစည်းကမ်းချက်များအား ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ MOU (မူကြမ်း) အဆင့်သာဖြစ်ပါသောကြောင့် မလွန်ဆန်နိုင်သောဖြစ်ရပ်များနှင့် စပ်လျဉ်းသော စည်းကမ်းချက်များအား ဖော်ပြရန်မလိုအပ်ဟု ယူဆပါသောကြောင့် မင်နီဖြင့် ပယ်ဖျက်ပေးလိုက်ပါသည်၊

(င) MOU (မူကြမ်း) အပိုဒ် ၁၃ လုပ်ငန်းဘောင်နှင့် လုပ်ဆောင်မှုဖြစ်စဉ်အပိုဒ်ခွဲ ၁၃-၀၁ ၌ဖော်ပြထားသောအချက်သည် မန္တလေးမြို့တော်စည်ပင်က ကူညီဆောင်ရွက်ပေးမည့်ကိစ္စရပ်အား ဖော်ပြထားခြင်းဖြစ်သောကြောင့် အဆိုပါ

အချက်အား MOU (မူကြမ်း) အပိုဒ် ၆ မန္တလေးမြို့တော်စည်ပင်၏ တာဝန်များအောက်သို့ ပြောင်းရွှေ့ဖော်ပြသင့်ပါသည်၊

(စ) MOU (မူကြမ်း)၌ ရေတံခွန်တောင်ဂေါက်ကွင်းအဆင့်မြှင့်တင်တည်ဆောက်ရေးကာလ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် ရေတံခွန်တောင်ဂေါက်ကွင်း၏ မြေပုံမိတ္တူတို့အား ပူးတွဲထားသော်လည်း နောက်ဆက်တွဲ(က)(ခ)ဟူ၍ အမှတ်စဉ်တပ်၍ ဖော်ပြထားခြင်းမရှိသောကြောင့် အမှတ်စဉ်တပ်၍ ဖော်ပြရန် လိုအပ်ပါသည်၊

(ဆ) MOU (မူကြမ်း) အပိုဒ် ၅ ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်၏ တာဝန်များ၌ Environmental Impact Assessment (EIA) ၊ Social Impact Assessment (SIA) နှင့် Coperate Social Responsibilities (CSR) တို့အား ဆောင်ရွက်မည့်ကိစ္စရပ်များကို ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်အနေဖြင့် အဆိုပါ EIA ၊ SIA ၊ CSR တို့အား MOU (မူကြမ်း)အား လက်မှတ်ရေးထိုးသည့်နေ့မှ သို့မဟုတ် စတင်အကျိုးသက်ရောက်သည့်နေ့မှ ရက်ပေါင်းမည်မျှအတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆောင်ရွက်မည့် အချိန်ကာလမည်မျှဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ပြီးပါက မန္တလေးမြို့တော်စည်ပင်သို့ ရက်ပေါင်းမည်မျှအတွင်း တင်ပြရမည်ဖြစ်ကြောင်း စသည့်အချက်တို့အား ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်၊

(ဇ) လိုအပ်သောနေရာများ၌ မင်နီဖြင့် ပြင်ဆင်၊ ဖြည့်စွက်ပေးလိုက်ပါသည်။

၆။ ဤMOU(မူကြမ်း)ပါ စီမံကိန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၃ ၌ "တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရကချမှတ်ထားသည့်မူဝါဒများနှင့်သော်လည်းကောင်း၊ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်

လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို လွှတ်တော်၏သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားကြောင်း ဖော်ပြအပ်ပါသည်။

၇။ ဤMOU(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၈။ ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်သည် ဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းထားသည့်ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင်လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ်စသည်တို့အတွက် သက်ဆိုင်ရာစာရွက်စာတမ်းများ တောင်းယူစိစစ်သင့်ပါသည်။

၉။ ဤMOU(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၀။ ဤအကြံပြုချက်ကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ကျော်ဆန်း)
ညွှန်ကြားရေးမှူးချုပ်

မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး

မိတ္တူ - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

- ရုံးလက်ခံ / မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅)၄ - ၁၄ / နပတ (၁၁၃)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

အကြောင်းအရာ။ **နိုင်ငံတကာအဆင့်မီရေတံခွန်တောင်ဂေါက်ကွင်း၊ Club House ၊ အပန်းဖြေဥယျာဉ်၊ စီးပွားရေးနှင့်လူနေအဆောက်အအုံများ တည်ဆောက်ရေးစီမံကိန်း သဘောတူစာချုပ်(မူကြမ်း) အပေါ် ဥပဒေအကြံပြုပေးပါရန်ကိစ္စ**

ရည်ညွှန်းချက်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၆-၁-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၀၀၁/ ၇/ ပန်းကစား (၀၁၇၆)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုမည့် နိုင်ငံတကာအဆင့်မီရေတံခွန်တောင်ဂေါက်ကွင်း၊ Club House ၊ အပန်းဖြေအားကစားဥယျာဉ်၊ စီးပွားရေးနှင့်လူနေအဆောက်အအုံများ တည်ဆောက်ရေးစီမံကိန်း သဘောတူစာချုပ်(မူကြမ်း)အပေါ် ဥပဒေအကြံပြုပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံပေးပို့လာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာ၌ ရေတံခွန်တောင်ဂေါက်ကွင်း အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်တို့သည် ၁၉-၈-၂၀၁၅ ရက်နေ့ MOU လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပါသည်ဟု ဖော်ပြထားကြောင်း တွေ့ရှိရပြီး စာချုပ်(မူကြမ်း)နှင့်အတူ အဆိုပါ MOU(မိတ္တူ)အား ပူးတွဲပေးပို့လာပါသည်။

၃။ ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့လာသော စာချုပ်(မူကြမ်း)အား ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုပြန်ကြားအပ်ပါသည် -

(က) စာချုပ်(မူကြမ်း) စာချုပ်ဝင်စာပိုဒ်အောက်၌ ယခုစာချုပ်(မူကြမ်း)ပါ ကိစ္စရပ်နှင့် စပ်လျဉ်း၍ ၁၉-၈-၂၀၁၅ ရက်နေ့တွင် ဌာနနှင့်ကုမ္ပဏီအကြား နားလည်မှု

စာချွန်လွှာလက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့်ဆိုသောအချက်အား ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) အပိုဒ် ၂ စာချုပ်၏ ရည်ရွယ်ချက်၊ အပိုဒ် ၂-၀၁ ၌ မြေ (၅၅၃) ဧကအနက် (၃၀၂)ဧကနှင့် (၂၈)ဧကတွင် တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျန်(၂၃၀)ဧကတွင် စီးပွားရေးနှင့် လူနေအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဆောင်ရွက်မည့်စနစ်ခြင်း မတူညီသောကြောင့် B.O.T စနစ်ဖြင့် ဆောင်ရွက်မည့်ကိစ္စရပ်များအတွက် စာချုပ်တစ်စောင်၊ စီးပွားရေးနှင့် လူနေအဆောက်အအုံများ တည်ဆောက်မည့်ကိစ္စရပ်အတွက် စာချုပ်တစ်စောင်၊ စာချုပ်နှစ်စောင်ခွဲ၍ သီးခြားစီ ချုပ်ဆိုသင့်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၃ အငှားချထားမည့်ပစ္စည်းနှင့် လွှဲပြောင်းပေးရမည့်ပစ္စည်း၊ အပိုဒ်ခွဲ ၃-၀၁ ၌ အငှားချထားမည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ နောင်အငြင်းပွားမှုမဖြစ်စေရေးအတွက် စာရင်းပြုလုပ်၍ နောက်ဆက်တွဲများဖြင့် ဖော်ပြသင့်ပါသည်။ ထို့အတူ အပိုဒ်ခွဲ ၃-၀၂ ၌ လွှဲပြောင်းပေးမည့်ပစ္စည်းများနှင့် စပ်လျဉ်း၍ နောင်အငြင်းပွားမှုမဖြစ်စေရေးအတွက် စာရင်းပြုလုပ်၍ နောက်ဆက်တွဲများဖြင့် ဖော်ပြသင့်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၃-၀၁ ၌ မန်းစည်ပင်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ---------- အငှားချထားပေးရမည်ဟု ဖော်ပြထားရာ မန်းစည်ပင်အနေဖြင့် မဖြစ်မနေအငှားချထားပေးရမည့်သဘောသက်ရောက်နေပါသည်။ အငှားချထားမည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ အငှားချထားမည့်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်ဟု ဖော်ပြလျက် အငှားချထားမည့်မြေနှင့် အဆောက်အဦများ၏ တည်နေရာ၊ လိပ်စာ အပြည့်အစုံ၊ မြေဧရိယာအဆောက်အအုံများ၊ ပစ္စည်းများစသည်တို့အား

အပိုဒ်ခွဲငယ် (က)(ခ)စသည်ဖြင့် ဖော်ပြသင့်ပါသည်။ သို့မဟုတ် နောက်ဆက်တွဲဖြင့် ပူးတွဲဖော်ပြသင့်ပါသည်။ ဌာနက ပြန်လည်စိစစ်သင့်ပါသည်၊

(င) ထို့အတူ စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၃-၀၂ ၌လည်း "---------- လွှဲပြောင်းပေးရမည်။" ဟုဖော်ပြထားရာ မဖြစ်မနေလွှဲပြောင်းပေးရမည့်သဘော သက်ရောက်နေပါသည်။ ယင်းသို့ဖော်ပြမည့်အစား လွှဲပြောင်းပေးရမည့်ပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်ဟု ဖော်ပြလျှက် လွှဲပြောင်းပေးမည့်မြေနှင့်အဆောက်အဦများ၏ တည်နေရာ၊ လိပ်စာအပြည့်အစုံ၊ မြေဧရိယာ၊ အဆောက်အအုံများအပါအဝင် လွှဲပြောင်းပေးမည့် ပစ္စည်းများ၏စာရင်းကို အပိုဒ်ခွဲငယ် (က)(ခ) စသည်ဖြင့် ဖော်ပြသင့်ပါသည်။ ဌာနက ပြန်လည်စိစစ်သင့်ပါသည်၊

(စ) စာချုပ်(မူကြမ်း) အပိုဒ် ၄ ငှားရမ်းကာလနှင့် ငှားရမ်းကာလတိုးမြှင့်ခြင်း၊ အပိုဒ် ၄-၀၁ ၌ မြေ(၃၃၀)ဧကခန့်ကို B.O.T စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်မည့်ကာလနှင့် ငှားရမ်းကာလတိုးမြှင့်မည့်ကာလတို့အား ဖော်ပြထားပါသည်။ သို့သော် မြေ(၂၂၃)ဧကနှင့်စပ်လျဉ်း၍ ငှားရမ်းမည့်ကာလနှင့် ငှားရမ်းကာလတိုးမြှင့်ခြင်းတို့အား ဖော်ပြထားခြင်းမရှိပါ။ စာချုပ်(မူကြမ်း) အပိုဒ် ၃-၀၂ ၌ မြေ(၂၂၃)ဧကနှင့် ယင်းမြေပေါ်ရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအား စာချုပ်ဝင်နှစ်ဖက်သဘောတူညီမှုအရ လွှဲပြောင်းပေးရမည်ဟု ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ မြေ(၂၂၃)ဧကနှင့်စပ်လျဉ်း၍ မြေကို ငှားရမ်း၍ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သို့မဟုတ် မန်းစည်ပင်နှင့် ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး အကျိုးအမြတ်အား မည်ကဲ့သို့ခွဲဝေမည်ဖြစ်ကြောင်း စသည်ဖြင့် မည်ကဲ့သို့ဆောင်ရွက်မည်ဆိုသော စည်းကမ်းချက်အား ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ ဌာနမှ ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း) အပိုဒ် ၅-၀၂ နှင့် ၅-၀၃ တို့တွင် ဖော်ပြထားသော USD, MMK နှင့် M&E တို့၏ စာသားအပြည့်အစုံကို ဖော်ပြသင့်ပါသည်၊

(ဓ) စာချုပ်(မူကြမ်း) အပိုဒ် ၆ မြေငှားရမ်းအသုံးချမှုအတွက် ပရီမီယံကြေး၊ မြေငှားခ နှင့်ဒဏ်ကြေးငွေပေးသွင်းခြင်း၊ အပိုဒ် ၆-၀၁ ၌ မြေ (၃၃၀)ဧကအတွက် မြေငှားရမ်းခကျပ်သန်း (၁၀၀၀)ဟု ဖော်ပြထားပြီး တစ်ဖန်မြေငှားရမ်းခအဖြစ် နှစ်စဉ်ကျပ် (၆၅)သန်းကို ပေးသွင်းရန်ဖော်ပြထားပါသည်။ ထို့အပြင် အပိုဒ် ၆-၀၃ ၌လည်း မြေငှားရမ်းခကျပ်သန်း (၁၀၀၀)ဟုဖော်ပြထားရာ မြေငှားရမ်းခအား နှစ်မျိုးဖော်ပြထားသဖြင့် ရှင်းလင်းမှုမရှိပါ။ ငှားရမ်းခနှုန်းထားနှင့် စပ်လျဉ်း၍ တစ်ဧကလျှင် တစ်နှစ်လျှင်ငွေကျပ်မည်မျှနှုန်းဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြသင့်ပါသည်။ ထို့အပြင် ငှားရမ်းခသည် စာချုပ်(မူကြမ်း)ပါ ငှားရမ်းမည့်မြေဧက၊ ဆောင်ရွက်မည့်လုပ်ငန်းတို့နှင့် သင့်တော်သည့်ငှားရမ်းခဟုတ် မဟုတ်လည်း ပြန်လည်စိစစ်သင့်ပါသည်၊

(ဈ) စာချုပ်(မူကြမ်း) အပိုဒ် ၆-၀၂ ၌ မြေ (၂၂၃)ဧကအတွက် မြေအသုံးချမှုပရီမီယံကြေးအဖြစ် ကျပ်သန်း (၁၄၀၀၀)ပေးသွင်းရန် သဘောတူကြောင်း ဖော်ပြထားပြီး မြေငှားရမ်းခနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာဖော်ပြထားခြင်းမရှိပါ။ သို့ပါ၍ မြေ (၂၂၃)ဧကနှင့်စပ်လျဉ်း၍ မြေကိုငှားရမ်းခြင်းဖြစ်ကြောင်း သို့မဟုတ် မည်သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းမှုမရှိပါ။ ဌာနက ပြန်လည်စိစစ်သင့်ပါသည်၊

(ည) စာချုပ်(မူကြမ်း) အပိုဒ် ၆-၀၃ ၌ စုစုပေါင်းမြေအသုံးချမှုပရီမီယံကြေး၏ ၅၀% ကို ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတွင် ပေးသွင်းခဲ့ပြီး ကျန်ငွေကျပ်သန်း (၈၀၀၀)အား နှစ်ဖက်သဘောတူစာချုပ်အပြီးသတ်ချုပ်ဆိုပြီးနောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အမီပေးသွင်းရမည်ဟု ဖော်ပြထားပါသည်။ အဆိုပါ သတ်မှတ်ကာလအတွင်း ပေးသွင်းခြင်းမရှိပါက ဒဏ်ကြေးမည်မျှပေးဆောင်ရမည် သို့မဟုတ် ဌာနအနေဖြင့် မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ဆိုသော စည်းကမ်းချက်မပါရှိ၍ ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ဠ) စာချုပ်(မူကြမ်း) အပိုဒ် ၆-၁၄ ၌ နှစ်စဉ်မြေငှားရမ်းခကျပ် (၆၅)သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပေးသွင်းရမည်ဟုသာ ဖော်ပြထားပြီး မည်သည့်နေ့ရက်မှစ၍ မည်သည့်နေ့ရက်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း အချိန်ကာလသတ်မှတ်ဖော်ပြမထား၍ ဖော်ပြရန် လိုအပ်ပါသည်၊

(ဋ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၆-၁၃ ၌ "---------- နှစ်ဦးနှစ်ဖက်သဘောတူစာချုပ် အပြီးသတ်ချုပ်ဆိုပြီးနောက် ---------" ဟုဖော်ပြထားရာ အပြီးသတ်စာချုပ်သည် မည်သည့်စာချုပ်ကိုဆိုလိုကြောင်း ရှင်းလင်းမှုမရှိပါ။ ဌာနက ပြန်လည်စိစစ်ပြီး ရှင်းလင်းစွာဖော်ပြသင့်ပါသည်၊

(ဍ) စာချုပ်(မူကြမ်း) အပိုဒ် ၇ ဖွံ့ဖြိုးသစ်၏ တာဝန်ဝတ္တရားများ၊ အပိုဒ်ခွဲ ၇-၁၆ ၌ ကုမ္ပဏီအနေဖြင့် စီမံကိန်းလုပ်ငန်းများကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၅(ဂ)(ဃ)၊ ပုဒ်မ ၁၆(က)(ခ)(ဂ)(ဃ)(င)(စ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားပါသည်။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၅(ဃ)၊ ပုဒ်မ ၁၆(ဃ)၊ (င)၊ (စ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရာ၌ မန်းစည်ပင်၏ ခွင့်ပြုချက်လည်းရရှိရန်လိုအပ်သည်ဟု ဖော်ပြရန်သင့် မသင့် စဉ်းစားသင့်ပါသည်၊

(ဎ) စာချုပ်(မူကြမ်း) အပိုဒ် ၈ မန်းစည်ပင်၏ တာဝန်များ၌ ဖော်ပြထားသောကိစ္စရပ်များကို မန်းစည်ပင်အနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ မရှိ ပြန်လည်စိစစ်သင့်ပါသည်။ ထို့ပြင် မန်းစည်ပင်ကဆောင်ရွက်ပေးရမည့်တာဝန်များတွင် အခြားဝန်ကြီးဌာနများနှင့် သက်ဆိုင်သောကိစ္စရပ်များပါဝင်နေသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်၊

(ဏ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၈-၀၇ ၌ မန်းစည်ပင်သည် မြေ (၅၅၃)ဧကပေါ်ရှိ မြေနှင့် ယင်းမြေပေါ်ရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်

အဆောက်အအုံများ၊ လုပ်ငန်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ဖွံ့ဖြိုးသစ်သို့ အဖိုးစားနားမပါဘဲ လွှဲပြောင်းပေးအပ်ပြီးနောက် စီမံခန့်ခွဲခွင့်ပေးရမည်ဟု ဖော်ပြထားပါသည်။ မြေ (၅၅၃)ဧကအနက် (၃၃၀)ဧကအား B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်(၂၂၃)ဧကနှင့်စပ်လျဉ်း၍ ငှားရမ်းခရယူထားခြင်း မရှိသည့်အပြင် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် မည်သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း တစ်စုံတစ်ရာဖော်ပြထားခြင်းမရှိသဖြင့် အဆိုပါဖော်ပြချက်အား ပြန်လည်စိစစ်သင့်ပါသည်၊

(တ) စာချုပ်(မူကြမ်း) အပိုဒ် ၉ စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့ ရက်နှင့် စာချုပ်သက်တမ်း၊ အပိုဒ် ၉-၁၁ ၌ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးနောက် အပိုဒ် ၁၅-၁၁ တွင် ဖော်ပြထားချက်နှင့်အညီ အကျိုးသက်ရောက်မှုရှိစေရမည်ဟု ဖော်ပြထားပါသည်။ အပိုဒ် ၁၅ ကြိုတင်စည်းကမ်းသတ်မှတ်ချက်၊ အပိုဒ်ခွဲ ၁၅-၁၁ ၌ သက်ဆိုင်ရာအစိုးရအာဏာပိုင်အဖွဲ့အစည်းများထံမှ စာချုပ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော သဘောတူညီချက်နှင့် ခွင့်ပြုမိန့်များရရှိပြီးမှသာ အတည်ဖြစ်၍ အကျိုးသက်ရောက်စေရမည်ဟု စာချုပ်အကျိုးသက်ရောက်ခြင်းနှင့် ကြိုတင်စည်းကမ်းသတ်မှတ်ချက်တို့အား ရောထွေးစွာ ဖော်ပြထားပါသည်။ သို့ပါ၍ အပိုဒ် ၁၅-၁၁ တွင် ဖော်ပြချက်နှင့်အညီ အကျိုးသက်ရောက်စေလိုပါက 'ဤစာချုပ်သည် အပိုဒ် ၁၅-၁၁ ၌ ဖော်ပြထားသော သက်ဆိုင်ရာအစိုးရအာဏာပိုင်အဖွဲ့အစည်းများထံမှ လိုအပ်သော သဘောတူညီချက်နှင့် ခွင့်ပြုမိန့်များရရှိပြီးနောက် အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်' ဟုဖော်ပြသင့်ပါသည်။ ဌာန၏လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိ မရှိ ပြန်လည်စိစစ်သင့်ပါသည်၊

(ထ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၉-၀၂ ၌ စာချုပ်သက်တမ်းအား ဖော်ပြထားပါသည်။ စာချုပ်သက်တမ်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ခြင်းတို့သည် ငှားရမ်းကာလ၊ ငှားရမ်းကာလတိုးမြှင့်ခြင်းတို့နှင့် ကိုက်ညီမှုရှိရန် လိုအပ်သဖြင့် မင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်၊

(ဒ) စာချုပ်(မူကြမ်း) အပိုဒ် ၁၅ ကြိုတင်စည်းကမ်းသတ်မှတ်ချက်၊ အပိုဒ်ခွဲ ၁၅-၀၁ ၌ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များနှင့် စာချုပ်အကျိုးသက်ရောက်မှုတို့အား ရောထွေးစွာဖော်ပြထားပါသည်။ သို့ပါ၍ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အလားတူစာချုပ်များတွင် ဖော်ပြလေ့ရှိသည့်အတိုင်း မင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်။ ဌာန၏ လိုအပ်ချက်နှင့်ကိုက်ညီမှုရှိ မရှိ ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ဓ) စာချုပ်(မူကြမ်း) အပိုဒ် ၁၆ ၏ခေါင်းစဉ်အား မြေနှင့်နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း၊ Club House ၊ Amusement Park လုပ်ငန်းနှင့် အဆောက်အအုံများလွှဲပြောင်းပေးခြင်းဟု ဖော်ပြထားပါသည်။ သို့သော် အဆိုပါခေါင်းစဉ်အောက်ရှိ အပိုဒ် ၁၆-၀၁ ၌ အပိုဒ် ၃-၀၁ တွင် ဖော်ပြထားသော ငှားရမ်းမြေနှင့်တကွ ဂေါက်ကွင်းလုပ်ငန်း၊ လုပ်ငန်းသုံးပစ္စည်းများအားလုံးကို အဖိုးစားနားမပါဘဲ မန်းစည်ပင်သို့ လွှဲပြောင်းပေးရမည်ဟု ဖော်ပြထားရာ ခေါင်းစဉ်နှင့် စာပိုဒ်ဖော်ပြချက်တို့မှာ ကိုက်ညီမှုမရှိပါ။ B.O.T စနစ်၏ သဘောသဘာဝသည် သက်ဆိုင်ရာဌာနမှ ငှားရမ်းသည့်မြေပေါ်တွင် အဆောက်အဦဆောက်လုပ်ခြင်း သို့မဟုတ် ငှားရမ်း သည့်အဆောက်အဦအား ပြင်ဆင်မွမ်းမံတည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်သောကြောင့် ငှားရမ်းလုပ်ကိုင်သူ ကုမ္ပဏီအနေဖြင့် တည်ဆောက်ထားသော အဆောက်အဦများအား စာချုပ်သက်တမ်းကုန်ဆုံးချိန်

၌သက်ဆိုင်ရာဌာနသို့ အဖိုးစားနားမပါဘဲ လွှဲပြောင်းပေးရမည်ဖြစ်ပါသည်။ သို့ပါ၍ အပိုဒ် ၁၆-၁၁ ပါ ဖော်ပြချက်အား ပြန်လည်စိစစ်သင့်ပါသည်၊

(န) စာချုပ်(မူကြမ်း) အပိုဒ် ၁၈ နစ်နာဆုံးရှုံးမှုများအတွက် တာဝန်ယူဖြေရှင်းခြင်း၊ အပိုဒ်ခွဲ ၁၈-၁၁ ၌ နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ မန်းစည်ပင်က တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ကြောင်း ဖော်ပြထားရာ ဌာနအနေဖြင့် သတိပြုသင့်ပါသည်၊

(ပ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၁၈-၁၁ ၌ "------- စာချုပ်သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်စုံတစ်ရာကြောင့် --------" ဟူ၍ ဖော်ပြထားရာ အကြောင်းတစ်စုံတစ်ရာကြောင့်ဆိုသောစကားရပ်သည် မည်သည့်အကြောင်းကိစ္စကိုဆိုလိုကြောင်း ရှင်းလင်းမှုမရှိပါ။ အဆိုပါစကားရပ်နှင့် စပ်လျဉ်း၍ နောင်အငြင်းပွားမှုပေါ်ပေါက်မှုမရှိစေရေးအတွက် ရှင်းလင်းစွာဖော်ပြရန် လိုအပ်ပါသည်။ ဌာနက ပြန်လည်စိစစ်သင့်ပါသည်၊

(ဖ) စာချုပ်(မူကြမ်း) အပိုဒ် ၂၄ အထွေထွေ၊ အပိုဒ် ၂၄-၁၂ ၌ ဤစာချုပ်သည် ဤအကြောင်းအရာအပေါ် ယခင်က အချင်းချင်းသဘောတူညီချက်များ၊ နားလည်မှုများအားလုံးကိုလည်း လွှမ်းမိုးသည်ဟု ဖော်ပြထားပါသည်။ ယခင်က အချင်းချင်း သဘောတူညီချက်များ၊ နားလည်မှုများအားလုံးဟုဆိုရာ၌ ၁၉-၈-၂၀၁၅ ရက်နေ့က ဌာနနှင့်ကုမ္ပဏီတို့အကြား ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာပါဝင်ခြင်းရှိ မရှိ ရှင်းလင်းမှုမရှိပါ။ ၁၉-၈-၂၀၁၅ ရက်နေ့က ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာအား ယခုစာချုပ်ဖြင့် လွှမ်းမိုးပါက အဆိုပါအချက်အား ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်။ ဌာနက ပြန်လည်စိစစ်သင့်ပါသည်၊

(ဗ) စာချုပ်(မူကြမ်း)၌ မြေငှားစာချုပ်များ၊ B.O.T စာချုပ်များတွင် ဖော်ပြလေ့ရှိသော မြေသို့ပြန်လည်ဝင်ရောက်ခြင်း စည်းကမ်းချက်စာပိုဒ်မပါရှိ၍ ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်၊

(ဘ) စာချုပ်(မူကြမ်း)၌ B.O.T စာချုပ်များတွင် ဖော်ပြလေ့ရှိသော လုပ်ငန်းဆောင်ရွက်မှုအာမခံ (Performance Bank Guarantee) ရယူထားခြင်းမရှိ၍ ရယူရန်သင့် မသင့် ဌာနအနေဖြင့် စဉ်းစားသင့်ပါသည်၊

(မ) စာချုပ်(မူကြမ်း)၌ စီးပွားရေးနှင့် လူနေအဆောက်အအုံများ တည်ဆောက်မည့်မြေ (၂၂၃)ဧကနှင့် စပ်လျဉ်း၍ အဆိုပါမြေနှင့်မြေပေါ်ရှိ ပစ္စည်းများအား နစ်မည်မျှငှားရမ်းမည်ဖြစ်ကြောင်း သို့မဟုတ် စီးပွားရေးနှင့် လူနေအဆောက်အအုံများတည်ဆောက်ခြင်းလုပ်ငန်းအား ဌာနနှင့် ကုမ္ပဏီတို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်၍ မည်ကဲ့သို့ခွဲဝေမည်ဖြစ်ကြောင်း၊ သို့မဟုတ် မည်ကဲ့သို့သောစနစ်မျိုးဖြင့်ဆောင်ရွက်မည်ဖြစ်ကြောင်း တစ်စုံတစ်ရာဖော်ပြထားခြင်းမရှိပါ။ သို့ပါ၍ဌာနမှ ပြန်လည်စိစစ်ရန်လိုအပ်ပါသည်။ အဆိုပါမြေ (၂၂၃)ဧကနှင့်စပ်လျဉ်း၍သီးခြားစာချုပ်တစ်ရပ်ချုပ်ဆိုပါက ပိုမိုသင့်လျော်မည်ဖြစ်ပါသည်၊

(ယ) လိုအပ်သောနေရာများ၌ မင်နီဖြင့် ပြင်ဆင်၊ ဖြည့်စွက်ပေးလိုက်ပါသည်။

၄။ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရအစိုးရ တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မရှိသေးလျှင် တံဆိပ်ခေါင်းအက်ဥပဒေအရ ကျသင့်သောတံဆိပ်ခေါင်းခွန်ကို အငှားချထားခြင်းခံရသူက ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၅။ စာချုပ်(မူကြမ်း)ပါ ဆောင်ရွက်မည့် လုပ်ငန်းများကိစ္စနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ ၌ “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများ နှင့် သော်လည်းကောင်း၊ မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်” ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၃ ၌ “တိုင်းဒေသ ကြီး သို့မဟုတ်

ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့်မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေ များနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထား သည်ကို သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

၆။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

